| | **ကိလေသာခပ်သိမ်းငြိမ်းတော်မူသော, တရားအလုံးစုံကိုသိတော်မူသော, ဘုန်းတော်ကြီးမြတ်စွာဘုရားအား ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။** | **နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ** |
|---|---|---|
| 1 | ထပ်ခါထပ်ခါဘဝဖြစ်ရခြင်းသည် ဆင်းရဲလှ၏၊ ခန္ဓာအိမ်တည်ဆောက်သူကို ရှာဖွေသောငါသည် မြင်နိုင်သောဉာဏ်ကို မရသေးသဖြင့် ဘဝများစွာသံသရာကာလပတ်လုံး ကျင်လည်ခဲ့ရလေပြီ။ | အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။<br>ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခါဇာတိ ပုနပ္ပုနံ။ |
| 2 | ခန္ဓာအိမ်ကိုတည်ဆောက်တတ်သော ဟယ်တဏှာ လက်သမား... ယခု ငါသည် သင့်ကိုမြင်ပြီ၊ ခန္ဓာအိမ်ကို နောက်တဖန် သင်ဆောက်လုပ်ရမည် မဟုတ်၊ သင်၏ကိလေသာ အခြင်ရနယ်တို့ကို ချိုးဖျက်ပြီးပြီ၊ အဝိဇ္ဇာအိမ်အထွဋ်ကို ဖျက်ဆီးပြီးပြီ၊ ငါ့စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ပြီ၊ တဏှာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို ရပြီ။ | ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။<br>သဗ္ဗာ တေ  ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။<br>ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ  ခယမဇ္ဈဂါ။ |
| 3 | လုံ့လရှိသော, မကောင်းမှုကင်းသော ရဟန္တာအား တရားတို့သည် ထင်ရှားဖြစ်ပေါ်လာ၏၊ “အကြောင်းနှင့်တကွသောတရားကို ပိုင်းခြားသိသောကြောင့် ထိုရဟန္တာအား ယုံမှားခြင်းတို့ ကင်းပျောက်ကုန်ပြီ။” | ယဒါ  ဟဝေ ပါတုဘဝန္တိ ဓမ္မာ,<br>အာတာပိနော  ဈာယတော ဗြာဟ္မဏဿ၊<br>အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ,<br>ယတော ပဇာနာတိ သဟေတုဓမ္မံ။ |
| 4 | လုံ့လရှိသော မကောင်းမှုကင်းသော ရဟန္တာအား တရားတို့သည် ထင်ရှားဖြစ်ပေါ်လာ၏၊ “အကြောင်းကုန်ရာ နိဗ္ဗာန်ကိုသိသောကြောင့် ထို ရဟန္တာအား ယုံမှားခြင်းတို့ ကင်းပျောက်ကုန်ပြီ။” | ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ,<br>အာတာပိနော   ဈာယတော ဗြာဟ္မဏဿ၊<br>အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ,<br>ယတော ခယံ ပစ္စယာနံ အဝေဒိ။ |
| 5 | လုံ့လရှိသော မကောင်းမှုကင်းသော ရဟန္တာအား တရားတို့သည် ထင်ရှားဖြစ်ပေါ်လာ၏၊ “ကောင်းကင်ကိုတောက်ပစေသောနေမင်းသည် အမိုက်မှောင်ကိုဖျက်ဆီးလျက် တည်နေသကဲ့သို့ ထိုရဟန္တာသည် မာန်စစ်သည်တို့ကို ဖျက်ဆီးလျက်တည်နေပြီ။” | ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ,<br>အာတာပိနော  ဈာယတော  ဗြာဟ္မဏဿ၊<br>ဝိဓူပယံ တိဋ္ဌတိ မာရသေနံ,<br>သူရိယောဝ  ဩဘာသယမန္တလိက္ခံ။ |

| | | |
|---|---|---|
| 6 | ခဲယဉ်းစွာရှာဖွေသိမြင်ခဲ့သော ဤအမှန်တရားကို ယခုအခါထင်ရှားပြခြင်းငှာမသင့်တော်သေး၊ ဤ အမှန်တရားကို ရာဂဒေါသလွှမ်းမိုးနှိပ်စက်ခံနေရသူ တို့သည် လွယ်ကူစွာသိမြင်လိမ့်မည်မဟုတ်။ | ကိစ္ဆေန မေ အဓိဂတံ, ဟလံ ဒါနိ ပကာသိတုံ၊<br>ရာဂဒေါသပရေတေဟိ, နာယံ ဓမ္မော သုသမ္ဗုဓော။ |
| 7 | မသိမှုလွှမ်းမိုးနေ၍ စွဲမက်မှုဖြင့်ယစ်မူးနေသူတို့သည် သိမ်မွေ့နက်နဲ မြင်နိုင်ခဲသောသံသရာအဆန်လမ်းဖြစ် သော ဤအမှန်တရားကို မြင်နိုင်ကြလိမ့်မည်မဟုတ်။ | ပဋိသောတဂါမိံ နိပုဏံ, ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ၊<br>ရာဂရတ္တာ န ဒက္ခန္တိ, တမောခန္ဓေန အာဝုဋာ။ |
| 8 | သတ္တဝါအများစု၏စိုးရိမ်မှုကို ဖျောက်တတ်သော အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလသုံးတန်၌ ပွင့်ပြီး, ပွင့်လတ္တံ့, ပွင့်ဆဲဘုရားတို့သည်ရှိကုန်၏။ | ယေ  စ အတီတာ သမ္ဗုဒ္ဓါ, ယေ စ ဗုဒ္ဓါ အနာဂတာ၊<br>ယော စေတရဟိ သမ္ဗုဒ္ဓေါ,ဗဟူနံ သောကနာသနော |
| 9 | အလုံးစုံသောဘုရားရှင်တို့သည် သူတော်ကောင်း တရားကို အလေးအမြတ်ပြု၍ နေတော်မူခဲ့ ကြကုန်၏, နေတော်မူကုန်ဆဲ, နေတော်မူကုန်လတ္တံ့၊ ဤကားဘုရားတို့၏ ဓမ္မတာတည်း။ | သဗ္ဗေ သဒ္ဓမ္မဂရုနော, ဝိဟံသု ဝိဟရန္တိ စ၊<br>တထာပိ ဝိဟရိဿန္တိ, ဧသာ ဗုဒ္ဓါန ဓမ္မတာ။ |
| 10 | ထို့ကြောင့် အကျိုးစီးပွားကိုအလိုရှိသောသူသည် မြင့်မြတ်မှုကိုတောင့်တလျက် မြတ်စွာဘုရားတို့၏ အဆုံးအမကို အောင့်မေ့ကာ သူတော်ကောင်းတရား ကိုအလေးအမြတ်ပြုအပ်သည်သာတည်း။ | တသ္မာ ဟိ အတ္တကာမေန,မဟတ္တမဘိကင်္ခတာ၊<br>သဒ္ဓမ္မော ဂရုကာတဗ္ဗော, သရံ ဗုဒ္ဓါန သာသနံ။ |
| 11 | လူတို့ထက်မြတ်တော်မူသော မြတ်စွာဘုရား... စိတ်နှလုံးကို ရွှင်ပြုံးစေတတ်ကုန်သော... အပြစ်တို့ကို သန့်ရှင်းစေတတ်ကုန်သော... အစီးအပွားနှင့် စပ်ယှဉ်ကုန်သော... အရှင်မြတ်ဘုရားတို့၏ ချိုမြိန်သော စကားတော်တို့ကို...ကြားနာခွင့်ရသူတို့သည် ဘုန်းကံကြီးမားကြပါပေစွတကား...။ | မဓုရာနိ ပဟဋ္ဌာနိ၊ဒေါသဃ္ဃါနိ ဟိတာနိစ။<br>ယေ တေ ဝါကျာနိ သောဿန္တိ၊တေပိ ဓညာ နရုတ္တမ။ |
| 12 | ပဋိသန္ဓေနေသူအား သေခြင်းသည်ဖြစ်၏၊ ပဋိသန္ဓေနေသူသည် ဆင်းရဲမျိုးစုံကို တွေ့ရ၏၊ နှောင်ဖွဲ့ခံရခြင်း, သတ်ဖြတ်ခံရခြင်းနှင့် အမျိုးမျိုး သောကြောက်မက်ဖွယ်ဘေးရန်တို့ကို တွေ့ရ၏၊ ထို့ကြောင့် ပဋိသန္ဓေနေခြင်းကို ငါမနှစ်သက်။ | ဇာတဿ မရဏံ ဟောတိ၊ဇာတော ဒုက္ခာနိ ဖုဿတိ။<br>ဗန္ဓံ ဝဓံ ပရိက္လေသံ၊တသ္မာ ဇာတိံ နရောစယေ။ |
| 13 | ဆင်းရဲဒုက္ခအားလုံးကို ပယ်ဖျောက်ရန်အတွက် မြတ်စွာဘုရားသည် ပဋိသန္ဓေနေခြင်းမှလွတ်မြောက် ကြောင်းတရားကို ဟောတော်မူ၏၊ ထိုမြတ်စွာဘုရား သည် ငါ့ကိုအမှန်တရား၌ သက်ဝင်စေပြီ။ | ဗုဒ္ဓေါ ဓမ္မမဒေသေသိ၊ဇာတိယာ သမတိက္ကမံ။<br>သဗ္ဗဒုက္ခပ္ပဟာနာယ၊သော မံ သစ္စေ နိဝေသယိ။ |
| 14 | ရုပ်ရှိသောသတ္တဝါ, ရုပ်မရှိသောသတ္တဝါ, ထိုသတ္တဝါ အားလုံးတို့သည် ဒုက္ခချုပ်ရာနိဗ္ဗာန်ကို မသိကြသော ကြောင့် တစ်ဖန်ဘဝသစ်တို့ လာရောက်ကြရကုန်၏။ | ယေ စ ရူပူပဂါ သတ္တာ၊ယေ စအရူပဋ္ဌာယိနော။<br>နိရောဓံ အပ္ပဇာနန္တာ၊အာဂန္တာရော ပုနဗ္ဘဝံ။ |

| | | |
|---|---|---|
| 15 | ဒုက္ခသည်သာလျှင် ဖြစ်၏။ ဒုက္ခသည် တည်လည်းတည်၏၊ ပျက်လည်းပျက်၏။ ဒုက္ခမှတပါး တခြားဘယ်အရာမှ မဖြစ်၊ ဒုက္ခမှတပါး တခြားဘယ်အရာမှ မချုပ်။ | ဒုက္ခမေဝဟိ သမ္ဘောတိ၊ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။<br>နာညတြ ဒုက္ခာ သမ္ဘောတိ၊နာညာ ဒုက္ခာ နိရုဇ္ဈတိ။ |
| 16 | အလိုကြီး၍ညှင်းဆဲတတ်သောသူသည် မြတ်စွာဘုရားနောက်သို့ အစဉ်လိုက်နေသော်လည်း တဏှာမကင်းသော ထိုသူသည်တဏှာကင်းသော မြတ်စွာဘုရားနှင့်၊ မငြိမ်းအေးသောထိုသူသည် ငြိမ်းအေးသောမြတ်စွာဘုရားနှင့်၊ မက်မောသော ထိုသူသည် မက်မူကင်းသောမြတ်စွာဘုရားနှင့် အဘယ်မျှ ဝေးသည်ကိုရှုလော့။ | အနုပဗ္ဗေနာပိ စေ အဿ, မဟိစ္ဆော စ ဝိဃာတဝါ၊<br>ဧဇာနုဂေါ အနေဇဿ, နိဗ္ဗုတဿ အနိဗ္ဗုတော၊<br>ဂိဒ္ဓေါ သော ဝီတဂေဓဿ, ပဿ ယာဝဉ္စ အာရကာ။ |
| 17 | အမှန်တရားကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိသောပညာရှိသည် လေငြိမ်ရာ၌ရှိသောရေအိုင်ကြီးကဲ့သို့ တုန်လှုပ်မှုတဏှာကင်း၍ ငြိမ်သက်၏။ | ယော စ ဓမ္မမဘိညာယ, ဓမ္မမညာယ ပဏ္ဍိတော၊<br>ရဟာဒေါဝ နိဝါတေ စ, အနေဇော ဝူပသမ္မတိ။ |
| 18 | တဏှာကင်းသောထိုသူသည် တဏှာကင်းသော မြတ်စွာဘုရားနှင့် ငြိမ်းအေးသောထိုသူသည် ငြိမ်းအေးသောမြတ်စွာဘုရားနှင့် မက်မောမှုကင်းသောထိုသူသည် မက်မောမှုကင်းသောမြတ်စွာဘုရားနှင့် အဘယ်မျှနီးသည်ကို ရှု့လော့။ | အနေဇောသော အနေဇဿ,နိဗ္ဗုတဿ စ နိဗ္ဗုတော၊<br>အဂိဒ္ဓေါ ဝီတဂေဓဿ, ပဿ ယာဝဉ္စ သန္တိကေ။ |
| 19 | ဤမြတ်ဘုရား၏သာသနာတော်၌ အားထုတ်ကြကုန်လော့...ထွက်မြောက်ကြောင်းလုံ့လကိုပြုကြကုန်လော့...ဘာဝနာနှင့်ယှဉ်သော လုံ့လကို ကြိုးပန်းကြကုန်လော့...ဆင်ပြောင်ကြီးသည် ကြူရိုးဖြင့်ဆောက်ထားသောတဲကုပ်ကို ဖျက်ဆီးသကဲ့သို့ သေမင်း၏စစ်သည်တို့ကို ဖျက်ဆီးကြကုန်လော့။ | အာရဗ္ဘထ နိက္ကမထ, ယုဉ္ဇထ ဗုဒ္ဓသာသနေ၊<br>ဓုနာထ မစ္စုနော သေနံ, နဠာဂါရံဝ ကုဉ္ဇရော။ |
| 20 | ဤတရားသဖြင့်ဆုံးမရာသာသနာတော်၌ မမေ့မလျော့ နေသူတို့သည် အဖန်ဖန်မွေးဖွားခြင်း သံသရာကိုပယ်စွန့်၍ ဝဋ္ဋဆင်းရဲ၏အဆုံးကို ပြုလတ္တံ့။ | ယော ဣမသ္မိံ ဓမ္မဝိနယေ, အပ္ပမတ္တော ဝိဟဿတိ၊<br>ပဟာယ ဇာတိသံသာရံ, ဒုက္ခဿန္တံ ကရိဿတိ။ |
| 21 | လှံဖြင့်အထိုးခံရသူကဲ့သို့လည်းကောင်း... ဦးခေါင်း၌ မီးလောင်ခံရသူကဲ့သို့လည်းကောင်း... ရဟန်းသည် "ရုပ်နာမ်ကို ပုဂ္ဂိုလ်သတ္တဝါဟုထင်မှားနေသော သက္ကာယဒိဋ္ဌိ"ကို ဖယ်ရှားရန် သတိနှင့်ပြည့်စုံသည်ဖြစ်၍ နေရာ၏။ | သတ္တိယာ ဝိယ ဩမဋ္ဌော, ဍယှမာနောဝ မတ္ထကေ၊<br>သက္ကာယဒိဋ္ဌိပ္ပဟာနာယ, သတော ဘိက္ခု ပရိဗ္ဗဇေ။ |
| 22 | သူတော်ကောင်းတို့နှင့် တစ်ကြိမ်မျှ ပေါင်းဖော်ခြင်းသည် ကိုယ့်ကိုစောင့်ရှောက်နိုင်၏။ သူယုတ်တို့နှင့် ကြိမ်ဖန်များစွာပေါင်းဖော်ခြင်းသည် ကိုယ့်ကို မစောင့်ရှောက်နိုင်။ | သကိံဒေဝ သုတသောမ, သဗ္ဘိ ဟောတိ သမာဂမော၊<br>သာ နံ သင်္ဂတိ ပါလေတိ, နာသဗ္ဘိ ဗဟုသင်္ဂမော။ |
| 23 | သူတော်ကောင်းတို့နှင့်သာ ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့်သာ အကျွမ်းတဝင်ဆက်ဆံရာ၏၊ သူတော်ကောင်းတရားကို သိရသည်ရှိသော် မြင့်မြတ်မှုသာဖြစ်၏၊ ယုတ်ညံ့မှုမဖြစ်ပေ။ | သဗ္ဘိရေဝ သမာသေထ, သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ၊<br>သတံ သဒ္ဓမ္မမညာယ,သေယျော ဟောတိ န ပါပိယော။ |

| | | |
|---|---|---|
| 24 | လုပဆန်းကြယ်သော မင်းစီးရထားတို့သည် ဟောင်းနွမ်းဆွေးမြေ့သွားကြကုန်၏။ ခန္ဓာကိုယ်သည်လည်း အိုမင်းပျက်စီးသွားကြရမြဲသာတည်း။ သူတော်ကောင်းတို့၏ နိဗ္ဗာန်တရားသည် ဘယ်ခါမှ အိုမင်းပျက်စီးခြင်းမရှိ၊ သူတော်ကောင်းတို့သည် သူတော်ကောင်းတရားကို ဧကန်စင်စစ် ချီးမွမ်းကြကုန်၏။ | ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ, အထော သရီရမ္ပိ ဇရံ ဥပေတိ၊<br>သတဉ္စ ဓမ္မော န ဇရံ ဥပေတိ, သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။ |
| 25 | မြေကြီးနှင့်ကောင်းကင်သည် ဝေးကွာလှ၏၊ သမုဒ္ဒရာ၏ ဟိုဖက်ကမ်းနှင့် ဒီဘက်ကမ်းသည်လည်း ဝေးကွာလှ၏၊ ထိုထက် သူတော်တရားနှင့် မသူတော်တရားတို့သည် ပို၍ပင် ဝေးကွာလှသည်တည်း။ | နဘဉ္စ ဒူရေ ပထဝီ စ ဒူရေ, ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ၊<br>တတော ဟဝေ ဒူရတရံ ဝဒန္တိ, သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။ |
| 26 | အတိတ်ကို အစဥ်မလိုက်ရာ...<br>အနာဂတ်ကို မတောင့်တရာ...<br>အတိတ်သည် ချုပ်ခဲ့ပြီ...<br>အနာဂတ်သည် ရောက်မလာသေး...။ | အတီတံ နာန္ဝာဂမေယျ, နပ္ပဋိကင်္ခေ အနာဂတံ၊<br>ယဒတီတံ ပဟီနံ တံ, အပ္ပတ္တဉ္စ အနာဂတံ။ |
| 27 | ပစ္စုပ္ပန်၌ဖြစ်ပေါ်နေသောသဘောတရားတို့ကို ထိုဖြစ်နေဆဲခဏ၌သာလျှင် အမှန်တိုင်းမြင်အောင်ရှုရာ၏၊ လောဘဖြင့်ဖျားယောင်းမခံရသော၊ ဒေါသဖြင့် ဖျက်ဆီးမခံရသော ထိုဝိပဿနာအထူးရှုမြင်မှုကို ပညာရှိတို့သည် ပွားများကြကုန်၏။ | ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ, တတ္ထ တတ္ထ ဝိပဿတိ၊<br>အသံဟီရံ အသံကုပ္ပံ, တံ ဝိဒ္ဓါ မနုဗြူဟယေ။ |
| 28 | ယနေ့ပင် ပြုသင့်သော၍မြတ်သောအကျင့်ကို ပြုရာ၏၊ မနက်ဖြန် မသေဘူး သေမည်ကို ဘယ်သူသိနိုင်အံ့နည်း၊ ငါတို့မှာ များစွာသောစစ်သည်ရှိသော သေမင်းနှင့် ချိန်းချက်ထားမှု မရှိသည်သာတည်း။ | အဇ္ဇေဝ ကိစ္စမာတပ္ပံ , ကော ဇညာ မရဏံ သုဝေ၊<br>န ဟိ နော သင်္ဂရံ တေန, မဟာသေနေန မစ္စုနာ။ |
| 29 | ဤသို့ နေရောညရော မပျင်းမရိ လွန်စွာအားထုတ်ခြင်းအလေ့ရှိသော ပုဂ္ဂိုလ်ကို စင်စစ်”ကောင်းသောညရှိသောပုဂ္ဂိုလ်”ဟူ၍ ငြိမ်းအေးတော်မူပြီးသော မြတ်စွာဘုရားတို့သည် ဟောကြားတော်မူကုန်ပြီ။ | ဧဝံ ဝိဟာရိံ အာတာပိံ, အဟောရတ္တမတန္ဒိတံ၊<br>တံ ဝေ ဘဒ္ဒေကရတ္တောတိ, သန္တော အာစိက္ခတေ မုနိ။ |
| 30 | အတိတ်ကိုလည်း မစိုးရိမ်...<br>အနာဂတ်ကိုလည်း မကြောင့်ကြ...<br>ပစ္စုပ္ပန်ဖြင့်လည်း မျှတ၏...ထို့ကြောင့်<br>အရေအဆင်းတို့သည် ကြည်လင်ကုန်၏။ | အတီတံ နာနုသောစာမိ,နပ္ပဇပ္ပါမိ နာဂတံ။<br>ပစ္စုပ္ပန္နေန ယာပေမိ,တေန ဝဏ္ဏော ပသီဒတိ။ |
| 31 | စိမ်းစိုနေသောကြူပြင်တို့ကို ရိတ်ဖြတ်လိုက်သည်ရှိသော် ညှိုးနွမ်းခြောက်သွေ့သွားသကဲ့သို့ ထို့အတူ အတိတ်ကို စိုးရိမ်၍ အနာဂတ်ကိုကြောင့်ကြနေသော လူမိုက်တို့သည်လည်း ညှိုးနွမ်းခြောက်သွေ့နေကြကုန်၏။ | အနာဂတပ္ပဇပ္ပါယ,အတီတဿာနုသောစနာ၊<br>ဧတေန ဗာလာ သုဿန္တိ,နဠောဝ ဟရိတော လုတော။ |
| 32 | (ဖြစ်ခဲ့သော) ရှေးနှင့် ပတ်သတ်သောကိလေသာကို သုတ်သင်ရာ၏၊ (မဖြစ်သေးသော) နောက်နှင့်ပတ်သတ်သောကိလေသာကိုလည်း အနည်းငယ်မျှမဖြစ်စေလင့်၊ (ယ္ခုပစ္စုပ္ပန်ဖြစ်ဆဲ)အလယ်၌လည်း ငါ၊ ငါ့ဥစ္စာဟု မစွဲယူသည်ရှိသော် ငြိမ်းအေးသွားလတ္တံ့။ | ယံ ပုဗ္ဗေ တံ ဝိသောဓေဟိ၊ပစ္ဆာ တေ မာဟု ကိဉ္စနံ။<br>မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿတိ။ |

| | | |
|---|---|---|
| 33 | ထကြွကုန်လော့.ထိုင်ကြကုန်လော့.သင့်တို့အား အိပ်စက်နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ မြားမှန်ခံရသောသမင်ကဲ့သို့နာကြင်သောစိတ်နှလုံး ဖြင့်ဖောက်ပြန်တုန်လှုပ်နေကြသောသင်တို့အား အိပ်နေခြင်းဖြင့်ဘာအကျိုးရှိမည်နည်း။ | ဥဋ္ဌဟထ နိသီဒထ, ကော အတ္ထော သုပိတေန ဝေါ၊<br>အာတုရာနဉှိ ကာ နိဒ္ဒါ, သလ္လဝိဒ္ဓါန ရုပ္ပတံ။ |
| 34 | ထကြွကုန်လော့...ထိုင်ကြကုန်လော့...စိတ်နှလုံးငြိမ်း အေးရန်အတွက် စွဲမြဲစွာကျင့်ကြကုန်လော့၊ သေမင်း သည် သင်တို့မေ့လျော့နေသည်ကိုသိ၍ နောင်တချိန်တွင်သင်တို့အား တွေဝေအောင် နှိပ်စက်၍ သူပြုချင်သလို မပြုပါစေနှင့်။ | ဥဋ္ဌဟထ  နိသီဒထ, ဒဠှံ သိက္ခထ သန္တိယာ၊<br>မာ ဝေါ ပမတ္တေ ဝိညာယ,<br>မစ္စုရာဇာ အမောဟယိတ္ထ ဝသာနုဂေ။ |
| 35 | နတ်လူအပေါင်းတို့သည် အလိုဆန္ဒကိုအမှီပြု၍ ရပ်တည်နေကြကုန်၏၊ လောဘမှလွန်မြောက်ရန် ကူးခတ်ကြကုန်လော့...အခွင့်အရေးကို မဆုံးရှုံးစေလင့်၊ အခွင့်အရေးဆုံးရှုံးစေသူတို့သည် ငရဲသို့ရောက်၍ပူပန်ရတတ်၏။ | ယာယ ဒေဝါ မနုဿာ စ, သိတာ တိဋ္ဌန္တိ အတ္ထိကာ၊<br>တရထေတံ ဝိသတ္တိကံ, ခဏော ဝေါ မာ ဥပစ္စဂါ၊<br>ခဏာတီတာ ဟိ သောစန္တိ, နိရယမှိ သမပ္ပိတာ။ |
| 36 | မေ့လျော့နေခြင်းသည် အညစ်အကြေးတည်း၊ မေ့လျော့ခြင်းသို့ အဖန်ဖန်ကျရောက်တတ်သော မေ့လျော့ခြင်းအကြီးစားသည်လည်း အညစ်အကြေး တည်း၊ စိတ်နှလုံး၌စူးဝင်နေသော မြားညှောင့်ကို သတိ, အသိတို့ဖြင့် ပယ်နှုတ်ရာ၏။ | ပမာဒေါ ရဇော ပမာဒေါ, ပမာဒါနုပတိတော ရဇော၊<br>အပ္ပမာဒေန ဝိဇ္ဇာယ, အဗ္ဗဟေ သလ္လမတ္တနော။ |
| 37 | သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းတို့သည် (ပုဂ္ဂိုလ်သတ္တဝါမဟုတ်) ရုပ်အစု၏လှုပ်ရှားမှုသာတည်း။ | စရံ  ဝါ ယဒိ ဝါ တိဋ္ဌံ, နိသိန္နော ဥဒ ဝါ သယံ၊<br>သမိဉ္ဇေတိ ပသာရေတိ, ဧသာ ကာယဿ ဣဉ္ဇနာ။ |
| 38 | အရိုးအကြောတို့ဖြင့်ဖွဲ့စပ်အပ်သော အရေအသားတို့ ဖြင့်လိမ်းကျံအပ်သော ဤကိုယ်ကောင်ကို အရေဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာမမြင်နိုင် ကြပေ။ | အဋ္ဌိနဟာရုသံယုတ္တော, တစမံသာဝလေပနော၊<br>ဆဝိယာ ကာယော ပဋိစ္ဆန္နော, ယထာဘူတံ န ဒိဿတိ။ |
| 39 | ဤကိုယ်ကောင်သည် အူဖြင့်ပြည့်၏၊ အစာသစ်ဖြင့် ပြည့်၏၊ အသည်းဖြင့်၎င်း၊ ဆီးအိမ်ဖြင့်၎င်း၊ နှလုံးဖြင့်၎င်း၊ အဆုတ်ဖြင့်၎င်း၊ ကျောက်ကပ် ဖြင့်၎င်း၊ သရက်ရွက်ဖြင့်၎င်း ပြည့်နှက်လျက်ရှိ၏။ | အန္တပူရော  ဥဒရပူရော, ယကနပေဠဿ ဝတ္ထိနော၊<br>ဟဒယဿ ပပ္ဖါသဿ, ဝက္ကဿ ပိဟကဿ စ။ |
| 40 | နှပ်၊ တံတွေး၊ ချွေး၊ အဆီခဲ၊ သွေး၊ အစေး၊ သည်းခြေ၊ ဆီကြည်တို့ဖြင့်လည်း ပြည့်နှက်လျက် ရှိ၏။ | သိင်္ဃာဏိကာယ  ခေဠဿ, သေဒဿ စ မေဒဿ စ၊<br>လောဟိတဿ လသိကာယ, ပိတ္တဿ စ ဝသာယ စ။ |
| 41 | ဤကိုယ်၏ ကိုးခုသောအပေါက်တို့မှ အညစ်အကြေး တို့သည် အမြဲယိုစီးနေသည်သာတည်း၊ မျက်စိမှ မျက်ချေးသည်ထွက်၏၊ နားမှနားချေးသည် ထွက်၏။ | အထဿ နဝဟိ သောတေဟိ, အသုစီ သဝတိ သဗ္ဗဒါ၊<br>အက္ခိမှာ အက္ခိဂူထကော, ကဏ္ဏမှာ ကဏ္ဏဂူထကော။ |

| | | |
|---|---|---|
| 42 | နှာခေါင်းပေါက်မှ နှပ်တို့သည်ယိုစီးကုန်၏၊ တခါတရံ ခံတွင်းပေါက်မှ သည်းခြေသည်၎င်း သလိပ်သည်၎င်း ပျို့အန်၏၊ ကိုယ်မှချွေးစသော အညစ်အကြေးတို့ ယိုစီးကုန်၏။ | သိင်္ဃာဏိကာ စ နာသတော, မုခေန ဝမတေကဒါ၊<br>ပိတ္တံ သေမှဉ္စ ဝမတိ, ကာယမှာ သေဒဇလ္လိကာ။ |
| 43 | အပေါက်များစွာရှိသောဦးခေါင်းသည် ဦးနှောက်ဖြင့်ပြည့်၏၊ ထိုကဲ့သို့သောခန္ဓာကိုယ်ကို မသိမှုဖုံးလွှမ်းသဖြင့် မိုက်သောသူသည် တင့်တယ်၏ဟုအောက်မေ့မှတ်ထင်နေ၏။ | အထဿ သုသိရံ သီသံ, မတ္ထလုင်္ဂဿ ပူရိတံ၊<br>သုဘတော နံ မညတိ ဗာလော, အဝိဇ္ဇာယ ပုရက္ခတော။ |
| 44 | အသက်ဝိညာဉ်ကင်း၍သေခြင်းသို့ရောက်သော ဤကိုယ်ကောင်သည် ဖူးဖူးရောင်၍မဲပုတ်သော အရောင်သို့ပြောင်း၏၊ မိသားစုတို့သည်ငဲ့ကွက်ခြင်းကင်းသဖြင့် သုသာန်သို့ စွန့်ပစ်ကုန်၏။ | ယဒါ စ သော မတော သေတိ, ဥဒ္ဓုမာတော ဝိနီလကော၊<br>အပဝိဒ္ဓေါ သုသာနသ္မိံ, အနပေက္ခာ ဟောန္တိ ဉာတယော။ |
| 45 | ဤကိုယ်ကောင်ကို အိမ်ခွေးတို့သည်၎င်း၊ တောခွေးတို့သည်၎င်း၊ သစ်ကျုပ်တို့သည်၎င်း၊ ပိုးလောက်တို့သည်၎င်း၊ ကျီးတို့သည်၎င်း၊ လင်းတတို့သည်၎င်း စားကြကုန်၏၊ အခြားသောအပုတ်အသိုးစားသတ္တဝါတို့သည်လည်း စားကြကုန်၏။ | ခါဒန္တိ နံ သုဝါနာ စ, သိင်္ဂါလာ စ ဝကာ ကိမီ၊<br>ကာကာ  ဂိဇ္ဈာ စ ခါဒန္တိ, ယေ စညေ သန္တိ ပါဏိနော။ |
| 46 | ဤသာသနာတော်၌ ပညာရှိသောရဟန်းသည် မြတ်စွာဘုရား၏စကားတော်ကိုကြားနာရ၍ ဤကိုယ်ကောင်၏သဘာဝကို ဟုတ်တိုင်းမှန်စွာပိုင်းခြား၍ သိမြင်နိုင်၏၊ ရှုမြင်နိုင်၏။ | သုတွာန  ဗုဒ္ဓဝစနံ, ဘိက္ခု ပညာဏဝါ ဣဓ၊<br>သော ခေါ နံ ပရိဇာနာတိ, ယထာဘူတဉှိ ပဿတိ။ |
| 47 | ဤမသေသေးသောသူတို့ကဲ့သို့ ထိုသေပြီးသောသူတို့သည်လည်း ဖြစ်ခဲ့ကြပြီ၊ ထိုသေပြီးသားသူကဲ့သို့ ဤမသေသေးသောသူတို့သည် ဖြစ်ကြကုန်လတ္တံ့။ ဤသို့ရှုမြင်၍ မိမိကိုယ်ကောင်၌၎င်း, သူတစ်ပါးကိုယ်ကောင်၌၎င်း တပ်မက်မောမှုကို ကင်းစေရာ၏။ | ယထာ ဣဒံ တထာ ဧတံ, ယထာ ဧတံ တထာ ဣဒံ၊<br>အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ, ကာယေ ဆန္ဒံ ဝိရာဇယေ။ |
| 48 | ဤသာသနာတော်၌ ပညာရှိသောရဟန်းသည် တပ်မက်မောခြင်းကင်းသည်ဖြစ်၍ သေခြင်းကင်းရာ ငြိမ်းအေးရာ တဏှာမှထွက်မြောက်ရာဖြစ်သော ရွေ့လျောခြင်းမရှိသည့်နိဗ္ဗာန်ကိုရနိုင်၏။ | ဆန္ဒရာဂဝိရတ္တော သော, ဘိက္ခု ပညာဏဝါ ဣဓ၊<br>အဇ္ဈဂါ အမတံ သန္တိံ, နိဗ္ဗာနံ ပဒမစ္စုတံ။ |
| 49 | အခြေနှစ်ချောင်းရှိသော ဤကိုယ်ကောင်သည် မစင်ကြယ်၍ မကောင်းသောအနံ့ရှိသောကြောင့် ပန်းနံ့သာစသည်ဖြင့် အမြဲမပြတ်ပြုပြင်ဆောင်ရွက်နေရ၏၊ ထိုသို့ပင်ဆောင်ရွက်နေပါသော်လည်း ဤကိုယ်ကောင်သည် အပုတ်တို့ဖြင့် ပြည့်မြဲပြည့်၍ ယိုစီးမြဲယိုစီးနေသည်သာတည်း။ | ဒွိပါဒကောယံ အသုစိ, ဒုဂ္ဂန္ဓော ပရိဟာရတိ၊<br>နာနာကုဏပပရိပူရော,<br>ဝိဿဝန္တော တတော တတော။ |
| 50 | ဤကဲသို့သောကိုယ်ကောင်ဖြင့် ကိုယ့်ကိုယ်ကို မြှင့်တင်၍ သူတပါးကိုနှိမ့်ချနေခြင်းသည် ဤကိုယ်ကောင်၏သဘာဝကို အမှန်မသိမမြင်ခြင်းကြောင့်သာဖြစ်သည်၊ ထိုမှလွဲ၍ အခြားအကြောင်းတရား အဘယ်မှာရှိနိုင်ပါမည်နည်း။ | ဧတာဒိသေန  ကာယေန, ယော မညေ ဥဏ္ဏမေတဝေ၊<br>ပရံ ဝါ အဝဇာနေယျ, ကိမညတြ အဒဿနာတိ။ |

| | | |
|---|---|---|
| 51 | သတ္တဝါတို့၏အသက်သည် သိနိုင်ကြောင်း အမှတ်အသားမပါသဖြင့် ဘယ်အချိန်သေမည်ကို မသိနိုင်၊ ရှင်သန်ရသည်မှာ ငြိုငြင်ပင်ပန်း၏၊ နည်းငယ်တိုတောင်းလှ၏၊ ဆင်းရဲအမျိုးမျိုးနှင့်လည်း ရောယှက်နေသေး၏။ | အနိမိတ္တမနညာတံ, မစ္စာနံ ဣဓ ဇီဝိတံ၊<br>ကသိရဉ္စ ပရိတ္တဉ္စ, တဉ္စ ဒုက္ခေန သံယုတံ။ |
| 52 | မွေးဖွားလာသောသတ္တဝါတို့အား မသေရာမသေကြောင်းလုံ့လသည်မရှိကုန်၊ (ဘယ်လိုကြိုးစားကြိုးစား သေရသည်သာ) အိုခြင်းသို့ရောက်သည်ဖြစ်စေ, မရောက်သည်ဖြစ်စေ သေတတ်၏၊ အသက်သည် ဤသို့သဘောရှိသည်သာတည်း။ | န ဟိ သော ဥပက္ကမော အတ္ထိ,<br>ယေန ဇာတာ န မိယျရေ၊<br>ဇရမ္ပိ ပတွာ မရဏံ, ဧဝံဓမ္မာ ဟိ ပါဏိနော။ |
| 53 | သစ်သီးမှည့်တို့အတွက် နံနက်ခင်းတိုင်း ကြွေကျခြင်းဘေးရှိသကဲ့သို့၊ ဖြစ်ပေါ်လာသောသတ္တဝါအတွက် အချိန်တိုင်းသေခြင်းဘေးရှိ၏။ | ဖလာနမိဝ ပက္ကာနံ, ပါတော ပတနတော ဘယံ၊<br>ဧဝံ ဇာတာန မစ္စာနံ, နိစ္စံ မရဏတော ဘယံ။ |
| 54 | အိုးထိမ်းသည်တို့ပြုအပ်သော မြေအိုးမြေခွက်ဟူသမျှသည် ကွဲပျက်ခြင်းလျှင်အဆုံးရှိသကဲ့သို့ ဤအတူသတ္တဝါတို့၏အသက်သည် သေခြင်းလျှင်အဆုံးရှိ၏။ | ယထာပိ ကုမ္ဘကာရဿ, ကတာ မတ္တိကဘာဇနာ၊<br>သဗ္ဗေ ဘေဒနပရိယန္တာ,ဧဝံ မစ္စာန ဇီဝိတံ။ |
| 55 | ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ မိုက်သည်ဖြစ်စေ၊ ဉာဏ်ရှိသည်ဖြစ်စေ အားလုံးတို့သည် သေမင်း၏အလိုကိုလိုက်ကြရ၏၊ သေမင်းထံမှောက်ဆိုက်ရောက်ကြရသည်သာတည်း။ | ဒဟရာ စ မဟန္တာ စ, ယေ ဗာလာ ယေ စ ပဏ္ဍိတာ၊<br>သဗ္ဗေ မစ္စုဝသံ ယန္တိ, သဗ္ဗေ မစ္စုပရာယဏာ။ |
| 56 | သေမင်းနှိပ်စက်၍ တမလွန်သို့သွားကြရသူတို့တွင် မိဘသည်သားသမီးကိုမစောင့်ရှောက်နိုင်၊ ဆွေမျိုးအချင်းချင်းလည်း မစောင့်ရှောက်နိုင်သည်သာတည်း။ | တေသံ မစ္စုပရေတာနံ, ဂစ္ဆတံ ပရလောကတော၊<br>န ပိတာ တာယတေ ပုတ္တံ, ဉာတီ ဝါ ပန ဉာတကေ။ |
| 57 | ကြည့်စမ်းပါလော့၊ သတ်မည့်နွားကိုဆောင်ယူသွားသကဲ့သို့ ဆွေမျိုးတို့ကြည့်ရှုနေကြကုန်စဉ်မှာပင်, အမျိုးမျိုးငိုကြွေးမြည်တမ်းနေကြကုန်စဉ်မှာပင် သတ္တဝါတို့တွင် တစ်ယောက်စီတစ်ယောက်စီကို သေမင်းသည် ဆောင်ယူသွားလေ၏။ | ပေက္ခတံ ယေဝ ဉာတီနံ, ပဿ လာလပတံ ပုထု၊<br>ဧကမေကောဝ မစ္စာနံ, ဂေါဝဇ္ဈော ဝိယ နီယတိ။ |
| 58 | သတ္တဝါအပေါင်းကို သေခြင်းသည်ရင်း, အိုခြင်းသည်ရင်း အလွန်နှိပ်စက်ညှင်းဆဲနေ၏။ လောက၏ဤသဘောအမှန်ကိုသိသော ပညာရှိတို့သည် (ပျက်စီးမှုကြုံသော်လည်း) မစိုးရိမ်ကြကုန်။ | ဧဝမဗ္ဘာဟတော လောကော, မစ္စုနာ စ ဇရာယ စ၊<br>တသ္မာ ဓီရာ န သောစန္တိ, ဝိဒိတွာ လောကပရိယာယံ။ |
| 59 | နာမ်တရားတို့တွင် စိတ်သည်ရှေ့သွားခေါင်းဆောင်ဖြစ်၏၊ စိတ်သည်အကြီးအမှူးဖြစ်၏၊ စိတ်ဖြင့်ပြီး၏၊ ပြစ်မှားလိုသောစိတ်ဖြင့် ပြောသည်, ပြုသည်ရှိသော် ဝန်ဆောင်နွား၏ခြေရာနောက်သို့ လှည်းဘီးသည် အစဉ်လိုက်သကဲ့သို့ ထိုသူနောက်သို့ ဆင်းရဲဒုက္ခသည် အစဉ်လိုက်၏။ | မနောပုဗ္ဗင်္ဂမာ ဓမ္မာ, မနောသေဋ္ဌာ မနောမယာ၊<br>မနသာ စေ ပဒုဋ္ဌေန, ဘာသတိ ဝါ ကရောတိ ဝါ၊<br>တတော နံ ဒုက္ခမန္ဝေတိ, စက္ကံဝ ဝဟတော ပဒံ။ |

| | | |
|---|---|---|
| 60 | နာမ်တရားတို့တွင် စိတ်သည်ရှေ့သွားခေါင်းဆောင်ဖြစ်၏၊ စိတ်သည်အကြီးအမှူးဖြစ်၏၊ စိတ်ဖြင့်ပြီး၏၊ ကြည်လင်သန့်ရှင်းသောစိတ်ဖြင့် ပြောသည်ပြုသည်ရှိသော် အရိပ်သည်အစဉ်လိုက်သကဲ့သို့ ထိုသူ၏နောက်သို့ ချမ်းသာသုခသည် အစဉ်လိုက်၏။ | မနောပုဗ္ဗင်္ဂမာ ဓမ္မာ, မနောသေဋ္ဌာ မနောမယာ၊<br>မနသာ စေ ပသန္နေန, ဘာသတိ ဝါ ကရောတိ ဝါ၊<br>တတော နံ သုခမန္ဝေတိ, ဆာယာဝ အနပါယိနီ။ |
| 61 | အနှစ်သာရမရှိသည်ကို အနှစ်သာရရှိသည်ဟုမှတ်ထင်၍ အနှစ်သာရရှိသည်ကို အနှစ်သာရမရှိဟု မြင်နေကြကုန်သာသူတို့သည် အတွေးအကြံအမှားဟူသော ကျက်စားရာအာရုံရှိကြသောကြောင့် အနှစ်သာရရှိသည့်အရာကို မရနိုင်ကြကုန်။ | အသာရေ သာရမတိနော, သာရေ စာသာရဒဿိနော၊<br>တေ သာရံ နာဓိဂစ္ဆန္တိ, မိစ္ဆာသင်္ကပ္ပဂေါစရာ။ |
| 62 | အနှစ်သာရရှိသည်ကို အနှစ်သာရရှိသည်ဟူ၍, အနှစ်သာရမရှိသည်ကို အနှစ်သာရမရှိဟူ၍ သိမြင်ကြသူတို့သည် မှန်ကန်သောကြံစည်မှုဟူသော ကျက်စားရာအာရုံရှိကြသောကြောင့် အနှစ်သာရရှိသည့်အရာကို ရနိုင်ကြပေ၏။ | သာရဉ္စ သာရတော ဉတွာ, အသာရဉ္စ အသာရတော၊<br>တေ သာရံ အဓိဂစ္ဆန္တိ, သမ္မာသင်္ကပ္ပဂေါစရာ။ |
| 63 | မကောင်းသဖြင့်မိုးအပ်သောအိမ်ကို မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ (သမာဓိပညာတို့ဖြင့်) စိတ်ကိုကောင်းစွာ မပွားအပ်သည်ရှိသော် ရာဂသည်ဖောက်ဝင်နိုင်၏။ | ယထာ အဂါရံ ဒုစ္ဆန္နံ, ဝုဋ္ဌီ သမတိဝိဇ္ဈတိ၊<br>ဧဝံ အဘာဝိတံ စိတ္တံ, ရာဂေါ သမတိဝိဇ္ဈတိ။ |
| 64 | ကောင်းစွာမိုးအပ်သောအိမ်ကို မိုးရေသည်မဖောက်ဝင်နိုင်သကဲ့သို့ (သမာဓိပညာတို့ဖြင့်) စိတ်ကိုကောင်းစွာပွားများအပ်သည်ရှိသော် ရာဂသည်မဖောက်ဝင်နိုင်ကုန်။ | ယထာ အဂါရံ သုဆန္နံ, ဝုဋ္ဌီ န သမတိဝိဇ္ဈတိ၊<br>ဧဝံ သုဘာဝိတံ စိတ္တံ, ရာဂေါ န သမတိဝိဇ္ဈတိ။ |
| 65 | မမေ့မလျော့ခြင်းသည် မသေရာနိဗ္ဗာန်၏အကြောင်းတရားတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်းတည်း။ မေ့လျော့သူတို့သည် (ဆင်းရဲစွာ) သေသကဲ့သို့ မမေ့မလျော့သူတို့သည် (ဆင်းရဲစွာ) မသေကြကုန်။ | အပ္ပမာဒေါ အမတံပဒံ , ပမာဒေါ မစ္စုနော ပဒံ၊<br>အပ္ပမတ္တာ န မီယန္တိ, ယေ ပမတ္တာ ယထာ မတာ။ |
| 66 | မမေ့လျော့သောပညာရှိတို့သည် မေ့ခြင်း, မမေ့ခြင်း၏ထူးခြားချက်ကိုသိ၍ အပ္ပမာဒတရား၌ ဝမ်းမြောက်ကြကုန်လျက် အရိယာတို့၏ကျက်စားရာလောကုတ္တရာတရား၌ မွေ့လျော်ကြကုန်၏။ | ဧဝံ ဝိသေသတော ဉတွာ, အပ္ပမာဒမှိ ပဏ္ဍိတာ၊<br>အပ္ပမာဒေ ပမောဒန္တိ, အရိယာနံ ဂေါစရေ ရတာ။ |
| 67 | ထိုပညာရှိတို့သည် ဈာန်ဝင်စားကုန်သည်ဖြစ်၍ အမြဲမပြတ်လုံ့လရှိကုန်သည်ဖြစ်၍ အမြဲတမ်းပြင်းထန်စွာ အားထုတ်ကုန်သည်ဖြစ်၍ ယောဂကုန်ရာနိဗ္ဗာန်သို့ရောက်ကုန်၏။ | တေ ဈာယိနော သာတတိကာ, နိစ္စံ ဒဠှပရက္ကမာ၊<br>ဖုသန္တိ ဓီရာ နိဗ္ဗာနံ, ယောဂက္ခေမံ အနုတ္တရံ။ |
| 68 | ပညာမဲ့၍မိုက်မဲသူတို့သည် မေ့လျော့မှုကိုအားထုတ်ကြကုန်၏၊ ပညာရှိသည်ကား မမေ့လျော့ခြင်းကို အမြတ်ဆုံးဥစ္စာကဲ့သို့ စောင့်ရှောက်၏။ | ပမာဒမနုယုဉ္ဇန္တိ, ဗာလာ ဒုမ္မေဓိနော ဇနာ၊<br>အပ္ပမာဒဉ္စ မေဓာဝီ, ဓနံ သေဋ္ဌံဝ ရက္ခတိ။ |

| | | |
|---|---|---|
| 69 | မေ့လျော့မှုကို အားမထုတ်ကြကုန်လင့်၊ ကာမတို့၌မွေ့လျော်မှုကို အားမထုတ်ကြကုန်လင့်၊ မမေ့မလျော့သမာဓိပညာဖြင့် ကိလေသာကိုရှို့မြှိုက်သောသူသည် ကြီးကျယ်သောချမ်းသာသို့ရောက်၏။ | မာ ပမာဒမနုယုဉ္ဇေထ, မာ ကာမရတိသန္ထဝံ၊<br>အပ္ပမတ္တော ဟိ ဈာယန္တော, ပပ္ပေါတိ ဝိပုလံ သုခံ။ |
| 70 | ပညာရှိသည် မမေ့မလျော့မှုဖြင့် မေ့လျော့မှုကို ပယ်ဖျောက်၏၊ ပညာပြသာဒ်ထက်သို့ တက်၍ စိုးရိမ်မှုကင်းလျက် စိုးရိမ်သူတို့ကိုမြင်၏၊ တောင်ထိပ်၌နေသူသည် မြေပြင်၌နေသူတို့ကို မြင်သကဲ့သို့ မမေ့လျော့သောပညာရှိသည် မေ့လျော့နေသော လူမိုက်တို့ကိုမြင်ရ၏။ | ပမာဒံ အပ္ပမာဒေန, ယဒါ နုဒတိ ပဏ္ဍိတော၊<br>ပညာပါသာဒမာရုယှ, အသောကော သောကိနိံ ပဇံ၊<br>ပဗ္ဗတဋ္ဌောဝ ဘူမဋ္ဌေ ,ဓီရော ဗာလေ အဝေက္ခတိ။ |
| 71 | အိပ်ပျော်သူနှင့်တူသော မေ့လျော့နေသူတို့တွင် နိုးကြားသူနှင့်တူသော မမေ့လျော့သောပညာရှိသည်, အားကြီးသောမြင်းကောင်းသည် အားကုန်သောမြင်းပိန်ကိုစွန့်ထား၍သွားသကဲ့သို့ မမေ့လျော့သောသူသည် မေ့လျော့သောသူကို သံသရာ၌ စွန့်ထားခဲ့၍ နိဗ္ဗာန်သို့သွား၏။ | အပ္ပမတ္တော  ပမတ္တေသု, သုတ္တေသု ဗဟုဇာဂရော၊<br>အဗလဿံဝ  သီဃဿော,<br>ဟိတွာ ယာတိ သုမေဓသော။ |
| 72 | မမေ့မလျော့မှု၌ ပျော်မွေ့၍ မေ့လျော့မှုကို ဘေးဟုရှုသောရဟန်းသည် ဆုတ်ယုတ်ခြင်းငှာမထိုက်၊ နိဗ္ဗာန်နှင့်သာလျှင်နီး၏။ | အပ္ပမာဒရတော ဘိက္ခု, ပမာဒေ ဘယဒဿိ ဝါ၊<br>အဘဗ္ဗော ပရိဟာနာယ, နိဗ္ဗာနဿေဝ သန္တိကေ။ |
| 73 | နှိမ်နင်းရန်ခဲယဉ်း၍ လျင်မြန်သောသဘောရှိသော, ရောက်ချင်ရာ ရောက်နေတတ်သောစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ ဆုံးမ၍ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။ | ဒုန္နိဂ္ဂဟဿ လဟုနော, ယတ္ထကာမနိပါတိနော၊<br>စိတ္တဿ ဒမထော သာဓု, စိတ္တံ ဒန္တံ သုခါဝဟံ။ |
| 74 | အလွန်မြင်နိုင်ခဲသော, အလွန်နူးညံ့သိမ်မွေ့သော, ရောက်ချင်ရာ ရောက်နေတတ်သောစိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောက်ရှောက်၍လုံခြုံသောစိတ်သည် ချမ်းသာကိုရွက်ဆောင်တတ်၏။ | သုဒုဒ္ဒသံ  သုနိပုဏံ, ယတ္ထကာမနိပါတိနံ၊<br>စိတ္တံ ရက္ခေထ မေဓာဝီ, စိတ္တံ ဂုတ္တံ သုခါဝဟံ။ |
| 75 | အဝေးသို့လည်းသွားတတ်၏၊ တစ်ကောင်တည်းလည်းကျက်စား၏၊ အကောင်အထည်လည်းမရှိ၊ လှိုဏ်ဂူ၌နေသော ထိုစိတ်ကို စောင့်စည်းနိုင်သူတို့သည် ကိလေသာအနှောင်အဖွဲ့မှ လွတ်ကုန်၏။ | ဒူရင်္ဂမံ ဧကစရံ , အသရီရံ ဂုဟာသယံ၊<br>ယေ  စိတ္တံ သံယမေဿန္တိ, မောက္ခန္တိ မာရဗန္ဓနာ။ |
| 76 | ခိုးသူတစ်ယောက်က ခိုးသူတစ်ယောက်ကို ဒုက္ခပေးသည်ထက်၊ ရန်သူတစ်ယောက်က ရန်သူတစ်ယောက်ကို ဒုက္ခပေးသည်ထက်၊ မကောင်းသောစိတ်သည် ထိုစိတ်ရှိသူကို ပို၍ပင် ဒုက္ခပေးနိုင်၏။ | ဒိသော ဒိသံ ယံ တံ ကယိရာ, ဝေရီ ဝါ ပန ဝေရိနံ၊<br>မိစ္ဆာပဏိဟိတံ စိတ္တံ, ပါပိယော  နံ တတော ကရေ။ |
| 77 | စစ်မှန်သောချမ်းသာကို အမိအဖတို့သည် မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်၊ ကောင်းသောစိတ်သည်သာ အရာအားလုံးထက်သာလွန်၍ ချမ်းသာစေနိုင်သည်။ | န တံ မာတာ ပိတာ ကယိရာ, အညေ ဝါပိ စ ဉာတကာ၊<br>သမ္မာပဏိဟိတံ စိတ္တံ, သေယျသော နံ တတော ကရေ။ |

| | | |
|---|---|---|
| 78 | ကောင်းနိုးရာရာပန်းတို့ကို ခူးယူသကဲ့သို့ ကာမဂုဏ်ပန်းတို့ကိုဆွတ်ခူးလျက်နေသော, မရသေးသည်ကိုတောင့်တ၊ ရပြီးသည်ကိုတွယ်တာလွန်စွာကပ်ငြိနေသောထိုသူကို ကာမဂုဏ်တို့၌ မရောင့်ရဲ, အားမရခင်မှာပင် သေမင်းယုတ်သည် သူ့အလိုတိုင်းပြု၏။ | ပုပ္ဖါနိ ဟေဝ ပစိနန္တံ, ဗျာသတ္တမနသံ နရံ၊<br>အတိတ္တညေဝ ကာမေသု, အန္တကော ကုရုတေ ဝသံ။ |
| 79 | သူတစ်ပါးတို့၏ မသင့်လျော်သောအမှုတို့ကို မကြည့်ရှုရာ၊ သူတစ်ပါးတို့၏ ကောင်းမှု, မကောင်းမှုပြုမပြုကို မကြည့်ရှုရာ၊ မိမိ၏ ကောင်းမှု, မကောင်းမှုပြုမပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်ရာ၏။ | န ပရေသံ ဝိလောမာနိ, န ပရေသံ ကတာကတံ၊<br>အတ္တနောဝ အဝေက္ခေယျ, ကတာနိ အကတာနိ စ။ |
| 80 | အိပ်၍မပျော်နိုးနေသူအတွက် ညဥ့်တာသည် ရှည်လျား၏။ ခရီးပန်းနေသူအတွက် ယူဇနာမျှသော ခရီးသည် ရှည်လျား၏၊ သူတော်ကောင်းတရားကို မသိသောလူမိုက်တို့အတွက် သံသရာသည် ရှည်လျား၏။ | ဒီဃာ  ဇာဂရတော ရတ္တိ, ဒီဃံ သန္တဿ ယောဇနံ၊<br>ဒီဃော ဗာလာနံ သံသာရော, သဒ္ဓမ္မံ အဝိဇာနတံ။ |
| 81 | တရားကျင့်သူသည် မိမိထက်သာလွန်သူ, မိမိနှင့် တူမျှသူကိုမရနိုင်ပါမူ တစ်ယောက်တည်းကျင့်ခြင်းကိုသာလျှင် စွဲမြဲစွာကျင့်ရာ၏၊ လူမိုက်နှင့် အဆွေခင်ပွန်းဖြစ်စရာ အကြောင်းဘာမှ မရှိသည်သာတည်း။ | စရဉ္စေ နာဓိဂစ္ဆေယျ, သေယျံ သဒိသမတ္တနော၊<br>ဧကစရိယံ ဒဠှံ ကယိရာ, နတ္ထိ ဗာလေ သဟာယတာ။ |
| 82 | ပြင်းထန်ပူလောင်သော မကောင်းကျိုးကိုဖြစ်စေတတ်သည့် မကောင်းမှုကိုပြုကြကုန်သော ပညာမဲ့လူမိုက်တို့သည် မိမိသည်ပင် မိမိ၏ရန်သူဖြစ်၍ လှည့်လည်နေကြကုန်၏။ | စရန္တိ ဗာလာ ဒုမ္မေဓာ, အမိတ္တေနေဝ အတ္တနာ၊<br>ကရောန္တာ ပါပကံ ကမ္မံ, ယံ ဟောတိ ကဋုကပ္ဖလံ။ |
| 83 | လူမိုက်သည် မကောင်းမှုအကျိုးမပေးသေးသမျှ ထိုမကောင်းမှုကို ပျားရည်ကဲ့သို့ မှတ်ထင်နေ၏၊ မကောင်းမှု အကျိုးပေးလျှင်ကား ဆင်းရဲရတော့၏။ | မဓုဝါ မညတိ ဗာလော, ယာဝ ပါပံ န ပစ္စတိ၊<br>ယဒါ စ ပစ္စတိ ပါပံ, ဗာလော ဒုက္ခံ နိဂစ္ဆတိ။ |
| 84 | လယ်သမားတို့သည် ရေကိုယူဆောင်ကုန်၏၊ လေးသမားတို့သည် မြားကိုဖြောင့်ကုန်၏၊ လက်သမားတို့သည် သစ်ကိုရွှေကုန်၏၊ ပညာရှိတို့သည် မိမိစိတ်ကို ဆုံးမကုန်၏။ | ဥဒကဉှိ  နယန္တိ နေတ္တိကာ, ဥသုကာရာ နမယန္တိ တေဇနံ၊<br>ဒါရုံ နမယန္တိ တစ္ဆကာ, အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ |
| 85 | ကျောက်သားနှင့်ပြီး ကျောက်တောင်ကြီးသည် တိုက်ခတ်လာသော လေတို့ကြောင့်မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ချီးမွမ်းကဲ့ရဲ့ခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။ | သေလော ယထာ ဧကဃနော,ဝါတေန န သမီရတိ၊<br>ဧဝံ နိန္ဒာပသံသာသု, န သမိဉ္ဇန္တိ ပဏ္ဍိတာ။ |
| 86 | ရွာ၌ဖြစ်စေ, တော၌ဖြစ်စေ, ချိုင့်ဝှမ်း၌ဖြစ်စေ, ကုန်းမြင့်၌ဖြစ်စေ ရဟန္တာပုဂ္ဂိုလ်တို့သည် နေကုန်၏၊ ထိုအရပ်သည် ပျော်မွေ့ဖွယ်ရှိ၏။ | ဂါမေ ဝါ ယဒိ ဝါ ရညေ, နိန္နေ ဝါ ယဒိ ဝါ ထလေ၊<br>ယတ္ထ အရဟန္တော ဝိဟရန္တိ, တံ ဘူမိရာမဏေယျကံ။ |
| 87 | တောတို့သည် မွေ့လျော်ဖွယ်ရှိကုန်၏၊ ထိုတောတို့၌ ကာမရှာမှီးသူတို့ မမွေ့လျော်နိုင်၊ ရာဂကင်းသူတို့သည်သာ မွေ့လျော်ကြကုန်လတ္တံ့၊ ရာဂကင်းသူတို့သည် ကာမကိုမရှာမှီးကြကုန်။ | ရမဏီယာနိ  အရညာနိ, ယတ္ထ န ရမတီ ဇနော၊<br>ဝီတရာဂါ ရမိဿန္တိ, န တေ ကာမဂဝေသိနော |

| | | |
|---|---|---|
| 88 | စစ်မြေပြင်၌ ရန်သူကို အကြိမ်တစ်သန်း အောင်နိုင်သူထက် မိမိ၏ကိလေသာကို တစ်ကြိမ်မျှအနိုင်ရသူသည်သာ စစ်အောင်သူတို့တွင် အမြတ်ဆုံးဖြစ်၏။ | ယော သဟဿံ သဟဿေန, သင်္ဂါမေ မာနုသေ ဇိနေ၊<br>ဧကဉ္စ ဇေယျမတ္တာနံ,သ ဝေ သင်္ဂါမဇုတ္တမော။ |
| 89 | မကောင်းမှု၌ စိတ်သည်မွေ့လျော်၏၊<br>ထို့ကြောင့် မကောင်းမှုမှစိတ်ကိုတားမြစ်ရာ၏၊<br>ကောင်းမှု၌စိတ်သည် နှေးကွေးတတ်၏၊<br>ထို့ကြောင့် ကောင်းမှုကိုလျှင်မြန်စွာ ပြုလုပ်ရာ၏။ | အဘိတ္ထရေထ  ကလျာဏေ, ပါပါ စိတ္တံ နိဝါရယေ၊<br>ဒန္ဓဉ္ဟိ ကရောတော ပုညံ, ပါပသ္မိံ ရမတီ မနော။ |
| 90 | အဖော်နည်း၍ ဥစ္စာများသော ကုန်သည်သည် အန္တရာယ်များသောခရီးကို ရှောင်သကဲ့သို့ငှင်း၊<br>အသက်ရှင်လိုသူသည် အဆိပ်ကိုရှောင်သကဲ့သို့ငှင်း၊<br>ပညာရှိသည် မကောင်းမှုကိုရှောင်ရာ၏။ | ဝါဏိဇောဝ ဘယံ မဂ္ဂံ, အပ္ပသတ္ထော မဟဒ္ဓနော၊<br>ဝိသံ ဇီဝိတုကာမောဝ, ပါပါနိ ပရိဝဇ္ဇယေ။ |
| 91 | အလုံးစုံသောသတ္တဝါတို့သည် ဒါဏ်ကို ထိတ်လန့်ကြကုန်၏၊ အလုံးစုံသောသတ္တဝါတို့သည် သေခြင်းကို ကြောက်လန့်ကြကုန်၏၊ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါတို့ကို မသတ်ဖြတ်မညှင်းဆဲရာ။ | သဗ္ဗေ တသန္တိ ဒဏ္ဍဿ, သဗ္ဗေ ဘာယန္တိ မစ္စုနော၊<br>အတ္တာနံ ဥပမံ ကတွာ, န ဟနေယျ န ဃာတယေ။ |
| 92 | နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်သို့ မောင်းနှင်သကဲ့သို့ အိုခြင်းသည်ငှင်း သေခြင်းသည်ငှင်း သတ္တဝါတို့၏အသက်ကို (ပျက်စီးခြင်း<br>ဆီသို့) မောင်းနှင်ကုန်၏။ | ယထာ ဒဏ္ဍေန ဂေါပါလော, ဂါဝေါ ပါဇေတိ ဂေါစရံ၊<br>ဧဝံ ဇရာ စ မစ္စု စ, အာယုံ ပါဇေန္တိ ပါဏိနံ။ |
| 93 | စိတ်နှလုံး၌ အမြဲမပြတ်ကိလေသာမီးတောက်လောင်နေပါလျက် အဘယ်ကြောင့်ပျော်ရွှင်နှစ်သက်၍ နေနိုင်ဘိသနည်း။ မသိမှုအမိုက်တိုက်ဖုံးလွှမ်းခံထားရပါလျှက် အဘယ်ကြောင့်ပညာဆီမီးကို မရှာမှီးဘဲ နေနိုင်ဘိနည်း။ | ကော  နု ဟာသော ကိမာနန္ဒော, နိစ္စံ ပဇ္ဇလိတေ သတိ၊<br>အန္ဓကာရေန ဩနဒ္ဓါ, ပဒီပံ န ဂဝေသထ။ |
| 94 | ဆန်းကြယ်သောအရုပ်နှင့်တူသော, အရိုးတို့ဖြင့်တည်ဆောက်အပ်သော, နာကြင်တတ်သော သဘောရှိသော၊ လူတို့သည်များစွာကြံစည်အပ်သော, ကိုးပေါက်သောအနာဝရှိသော ကိုယ်ကို (ပညာဖြင့်) ရှုပါလော့၊ ဤကိုယ်၌ အမြဲတည်သည့်အရာဟူ၍ ဘာမှမရှိချေ။ | ပဿ စိတ္တကတံ ဗိမ္ဗံ, အရုကာယံ သမုဿိတံ၊<br>အာတုရံ ဗဟုသင်္ကပ္ပံ, ယဿ နတ္ထိ ဓုဝံ ဌိတိ။ |
| 95 | ငယ်ရွယ်စဉ်အခါက မြတ်သောအကျင့်ကိုလည်း မကျင့်၊ ဥစ္စာကိုလည်းမရလိုက်သောသူတို့သည် ကြီးရင့်သောအခါ ငါးကုန်သောညွန်အိုင်၌ အတောင်ကျွတ်သောကြိုးကြာအိုတို့ကဲ့သို့ ကြံမှိုင်၍သာနေကြရကုန်၏။ | အစရိတွာ ဗြဟ္မစရိယံ, အလဒ္ဓါ ယောဗ္ဗနေ ဓနံ၊<br>ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ, ခီဏမစ္ဆေဝ ပလ္လလေ။ |
| 96 | ငယ်ရွယ်စဉ်အခါက မြတ်သောအကျင့်ကိုလည်း မကျင့်၊ ဥစ္စာကိုလည်းမရလိုက်သော သူတို့သည် လေးမှလွတ်ပြီးနောက် အရှိန်ကုန်သောမြားတံကဲ့သို့ ရှေးဟောင်းနှောင်းဖြစ်တို့ကို ညည်းတွားအောက်မေ့၍သာ နေကြရကုန်၏။ | အစရိတွာ  ဗြဟ္မစရိယံ, အလဒ္ဓါ ယောဗ္ဗနေ ဓနံ၊<br>သေန္တိ စာပါတိခီဏာဝ, ပုရာဏာနိ အနုတ္ထုနံ။ |

| | | |
|---|---|---|
| 97 | မိမိကိုယ်ကိုချစ်အပ်၏ဟု သိပါမူ, ထိုမိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏၊ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တစ်ပါးပါးသော အရွယ်၌ မိမိစိတ်ကို ဆေးကြောသုတ်သင်ရာ၏။ | အတ္တာနဉ္စေ ပိယံ ဇညာ, ရက္ခေယျ နံ သုရက္ခိတံ၊<br>တိဏ္ဏံ အညတရံ ယာမံ, ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ |
| 98 | ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်လျော်သော အကျင့်၌တည်စေရာ၏၊ ထို့နောက်မှ သူတစ်ပါးကို ဆုံးမရာ၏၊ ပညာရှိသည်သူတစ်ပါးတို့၏ကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။ | အတ္တာနမေဝ ပဌမံ, ပတိရူပေ နိဝေသယေ၊<br>အထညမနုသာသေယျ, န ကိလိဿေယျ ပဏ္ဍိတော။ |
| 99 | သူတစ်ပါးကိုဆုံးမသောနည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏၊ မိမိကိုယ်တိုင်ယဉ်ကျေးပြီးမှသာ သူတစ်ပါးကို ဆုံးမရာ၏၊ မိမိကိုယ်ကိုဆုံးမခြင်းသည် ခဲယဉ်းလှပေစွတကား။ | အတ္တာနံ စေ တထာ ကယိရာ, ယထာညမနုသာသတိ၊<br>သုဒန္တော ဝတ ဒမေထ, အတ္တာ ဟိ ကိရ ဒုဒ္ဒမော။ |
| 100 | မိမိသည်သာ မိမိ၏အားကိုးရာဖြစ်၏၊ သူတစ်ပါးသည် မိမိ၏အားကိုးရာ ဘယ်မှာဖြစ်နိုင်ပါအံ့နည်း၊ မိမိကိုယ်ကိုကောင်းမွန်စွာဆုံးမခြင်းဖြင့် ရနိုင်ခဲသော အားကိုးရာအစစ်ကိုရနိုင်ပေသည်။ | အတ္တာ ဟိ အတ္တနော နာထော,<br>ကော ဟိ နာထော ပရော သိယာ၊<br>အတ္တနာ ဟိ သုဒန္တေန, နာထံ လဘတိ ဒုလ္လဘံ။ |
| 101 | မိမိအတွက် အကျိုးမရှိသော, မကောင်းသောအလုပ်တို့ကို လုပ်ရန်လွယ်ကူလှ၏။ မိမိအတွက်အကျိုးရှိသော, ကောင်းသောအလုပ်တို့ကိုလုပ်ရန်ကား အလွန်ကိုခက်လှချေ၏။ | သုကရာနိ အသာဓူနိ, အတ္တနော အဟိတာနိ စ၊<br>ယံ ဝေ ဟိတဉ္စ သာဓုဉ္စ, တံ ဝေ ပရမဒုက္ကရံ။ |
| 102 | လာကြကုန်လော့၊ မင်းရထားကဲ့သို့ ဆန်းကြယ်သော ဤခန္ဓာဟူသောလောကကိုကြည့်ကြကုန်လော့၊ လောက၌ ခန္ဓာအကြောင်း မသိသူတို့သည်နစ်မွန်းသွားကြကုန်၏၊ သိသူတို့သည် မကပ်ငြိကြကုန်။ | ဧထ ပဿထိမံ လောကံ, စိတ္တံ ရာဇရထူပမံ၊<br>ယတ္ထ ဗာလာ ဝိသီဒန္တိ, နတ္ထိ သင်္ဂေါ ဝိဇာနတံ။ |
| 103 | လောကသည် အကန်းသဖွယ်သာဖြစ်၏၊ အနည်းငယ်သောသူတို့သာ အမှန်မြင်နိုင်ကုန်၏၊ ပိုက်ကွန်မှပြန်လွတ်သောငှက်သည် နည်းပါးသကဲ့သို့ အနည်းငယ်သောသူတို့သာ နတ်ရွာနိဗ္ဗာန်သို့ ရောက်ကုန်၏။ | အန္ဓဘူတော အယံ လောကော, တနုကေတ္ထ ဝိပဿတိ၊<br>သကုဏော ဇာလမုတ္တောဝ, အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။ |
| 104 | လူဖြစ်ဖို့ခဲယဉ်းလှ၏၊<br>အသက်ရှင်ဖို့ခဲယဉ်းလှ၏၊<br>တရားနာဖို့ခဲယဉ်းလှ၏၊<br>ဘုရားပွင့်ဖို့ခဲယဉ်းလှ၏။ | ကိစ္ဆော မနုဿပဋိလာဘော, ကိစ္ဆံ မစ္စာန ဇီဝိတံ၊<br>ကိစ္ဆံ သဒ္ဓမ္မဿဝနံ, ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။ |
| 105 | မကောင်းမှုဟူသမျှကို မပြုရာ၊<br>ကုသိုလ်နှင့်ပြည့်စုံစေရာ၏၊<br>မိမိစိတ်ကိုဖြူစင်စေရာ၏၊<br>ဤကားဘုရားရှင်တို့၏ အဆုံးအမတည်း။ | သဗ္ဗပါပဿ အကရဏံ, ကုသလဿ ဥပသမ္ပဒါ၊<br>သစိတ္တပရိယောဒပနံ,ဧတံ ဗုဒ္ဓါန သာသနံ။ |
| 106 | နိုင်သူသည် ရန်များ၏၊<br>ရှုံးသူသည် ဆင်းရဲ၏၊<br>အနိုင်အရှုံးကိုစွန့်၍<br>ငြိမ်းအေးသူသည် ချမ်းသာ၏။ | ဇယံ ဝေရံ ပသဝတိ, ဒုက္ခံ သေတိ ပရာဇိတော၊<br>ဥပသန္တော သုခံ သေတိ, ဟိတွာ ဇယပရာဇယံ။ |

| | | |
|---|---|---|
| 107 | ရာဂနှင့်တူသောမီးမရှိ၊<br>ဒေါသနှင့်တူသောအပြစ်မရှိ၊<br>ခန္ဓာနှင့်တူသောဆင်းရဲမရှိ၊<br>နိဗ္ဗာန်နှင့်တူသောချမ်းသာမရှိ။ | နတ္ထိ ရာဂသမော အဂ္ဂိ, နတ္ထိ ဒေါသသမော ကလိ၊<br>နတ္ထိ ခန္ဓသမာ ဒုက္ခာ, နတ္ထိ သန္တိပရံ သုခံ။ |
| 108 | ဆာလောင်ခြင်းသည် အလွန်ကဲဆုံးရောဂါတည်း၊<br>သင်္ခါရတရားသည် အလွန်ကဲဆုံးဆင်းရဲတည်း၊<br>နိဗ္ဗာန်သည် အလွန်ကဲဆုံးချမ်းသာတည်း၊<br>ဤသို့မှန်စွာသိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ | ဇိဃစ္ဆာပရမာ ရောဂါ, သင်္ခါရပရမာ ဒုခါ၊<br>ဧတံ ဉတွာ ယထာဘူတံ, နိဗ္ဗာနံ ပရမံ သုခံ။ |
| 109 | အနာကင်းခြင်းသည် အလွန်ကဲဆုံးဆုလာဘ်တည်း၊<br>ရောင့်ရဲခြင်းသည် အလွန်ကဲဆုံးဥစ္စာတည်း၊<br>ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံးဆွေမျိုးတည်း၊<br>နိဗ္ဗာန်သည် အလွန်ကဲဆုံးချမ်းသာတည်း။ | အာရောဂျပရမာ လာဘာ, သန္တုဋ္ဌိပရမံ ဓနံ၊<br>ဝိဿာသပရမာ ဉာတိ,နိဗ္ဗာနံ ပရမံ သုခံ။ |
| 110 | ချစ်ခြင်းကြောင့် စိုးရိမ်မှုဖြစ်ရ၏၊<br>ချစ်ခြင်းကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏၊<br>ချစ်ခြင်းမှလွတ်ကင်းသူအား အဘယ်မှာ<br>စိုးရိမ်မှု, ကြောက်ရွံ့မှုရှိတော့အံ့နည်း။ | ပိယတော ဇာယတီ သောကော,<br>ပိယတော ဇာယတီ ဘယံ၊<br>ပိယတော ဝိပ္ပမုတ္တဿ,<br>နတ္ထိ သောကော ကုတော ဘယံ။ |
| 111 | လျှင်မြန်စွာပြေးနေသောရထားကို ထိန်းသကဲ့သို့<br>ဖြစ်ပေါ်လာသောအမျက်ဒေါသကို တားမြစ်နိုင်သော<br>သူကို ရထားထိန်းဟုငါဆို၏၊ ကျန်ရထားထိန်းတို့<br>ကား ကြိုးကိုင်မျှသာတည်း။ | ယော ဝေ ဥပ္ပတိတံ ကောဓံ, ရထံ ဘန္တံဝ ဝါရယေ၊<br>တမဟံ သာရထိံ ဗြူမိ, ရသ္မိဂ္ဂါဟော ဣတရော ဇနော။ |
| 112 | အမျက်ထွက်သူကို မေတ္တာဖြင့် အောင်ရာ၏၊<br>မကောင်းသူကို ကောင်းသဖြင့်အောင်ရာ၏၊<br>နှမြောသူကို ပေးကမ်းခြင်းဖြင့်အောင်ရာ၏၊<br>လိမ်ညာသူကို အမှန်ပြောခြင်းဖြင့်အောင်ရာ၏။ | အက္ကောဓေန ဇိနေ ကောဓံ, အသာဓုံ သာဓုနာ ဇိနေ၊<br>ဇိနေ ကဒရိယံ ဒါနေန, သစ္စေနာလိကဝါဒိနံ။ |
| 113 | သံချေးသည် သံမှဖြစ်လာ၍ ထိုသံကိုပင်<br>ပြန်စားသကဲ့သို့ ထိုအတူ မိမိမှဖြစ်ပေါ်လာသော<br>မကောင်းမှုသည် မိမိကိုပင်<br>မကောင်းသောဘဝသို့ ပို့ဆောင်ကုန်၏။ | အယသာဝ မလံ သမုဋ္ဌိတံ,တတုဋ္ဌာယ တမေဝ ခါဒတိ၊<br>ဧဝံ အတိဓောနစာရိနံ, သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။ |
| 114 | သူတစ်ပါးအပြစ်ကို အစဉ်ရှုလျက် အမြဲမပြတ်ကဲ့ရဲ့<br>တတ်သူအား အာသဝေါတရားတို့ တိုးပွားကုန်၏။<br>အာသဝေါကုန်ခြင်းမှ ဝေးကွာလှသည်သာတည်း။ | ပရဝဇ္ဇာနုပဿိဿ, နိစ္စံ ဥဇ္ဈာနသညိနော၊<br>အာသဝါ တဿ ဝဍ္ဎန္တိ, အာရာ သော အာသဝက္ခယာ။ |
| 115 | များစွာပြောတတ်ရုံမျှဖြင့် ပညာရှိမမည်၊<br>ကိုယ့်ကိုယ်ကိုဘေးမဖြစ်အောင်၊ ရန်မဖြစ်အောင်၊<br>ကြောက်ရွံ့မှုကင်းအောင်နေတတ်သူသည်သာ<br>ပညာရှိမည်ပေ၏။ | န တေန ပဏ္ဍိတော ဟောတိ, ယာဝတာ ဗဟု ဘာသတိ၊<br>ခေမီ အဝေရီ အဘယော, “ပဏ္ဍိတော”တိ ပဝုစ္စတိ။ |

| | | |
|---|---|---|
| 116 | သင်တို့သည်ပြုဖွယ်ကိစ္စကို ပြုကြကုန်လော့။<br>ဘုရားရှင်တို့သည် ညွှန်ကြားရုံမျှဖြစ်ကုန်၏။<br>သမာဓိပညာဖြင့် ကိလေသာကိုရှို့မြိုက်သူတို့<br>သည်သာ မာရ်၏အနှောင့်အဖွဲ့မှ လွတ်မြောက်နိုင်၏ | တုမှေဟိ ကိစ္စမာတပ္ပံ, အက္ခာတာရော တထာဂတာ၊<br>ပဋိပန္နာ ပမောက္ခန္တိ, ဈာယိနော မာရဗန္ဓနာ။ |
| 117 | “အလုံးစုံသော သင်္ခါရတို့သည် မမြဲကုန်”ဟု<br>ပညာဖြင့်မြင်လျှင် သင်္ခါရဒုက္ခတို့၌ ငြီးငွေ့၏။<br>ဤငြီးငွေ့ခြင်းသည် စင်ကြယ်ရာနိဗ္ဗာန်၏<br>အကြောင်းတည်း။ | “သဗ္ဗေ သင်္ခါရာ အနိစ္စာ”တိ,ယဒါပညာယ ပဿတိ၊<br>အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ |
| 118 | “အလုံးစုံသော သင်္ခါရတို့သည် ဆင်းရဲကုန်၏”ဟု<br>ပညာဖြင့်မြင်လျှင် သင်္ခါရဒုက္ခတို့၌ ငြီးငွေ့၏။<br>ဤငြီးငွေ့ခြင်းသည် စင်ကြယ်ရာနိဗ္ဗာန်၏<br>အကြောင်းတည်း။ | “သဗ္ဗေ သင်္ခါရာ ဒုက္ခာ”တိ, ယဒါ ပညာယ ပဿတိ၊<br>အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ |
| 119 | “အလုံးစုံသော သဘာဝတရားတို့သည် အတ္တမဟုတ်<br>ကုန်”ဟု ပညာဖြင့်မြင်လျှင် သင်္ခါရဒုက္ခတို့၌<br>ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် စင်ကြယ်ရာနိဗ္ဗာန်၏<br>အကြောင်းတည်း။ | “သဗ္ဗေ ဓမ္မာ အနတ္တာ”တိ, ယဒါ ပညာယ ပဿတိ၊<br>အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ |
| 120 | အနည်းငယ်သောချမ်းသာကိုစွန့်၍ ကြီးကျယ်သော<br>ချမ်းသာကိုရမည်ဖြစ်ခဲ့ပါမူ ကြီးကျယ်သော<br>ချမ်းသာကိုမြင်သောပညာရှိသည်<br>အနည်းငယ်သောချမ်းသာကိုစွန့်ရာ၏။ | မတ္တာသုခပရိစ္စာဂါ, ပဿေ စေ ဝိပုလံ သုခံ၊<br>စဇေ မတ္တာသုခံ ဓီရော, သမ္ပဿံ ဝိပုလံ သုခံ။ |
| 121 | ပြုသင့်သည်ကိုမပြု၊ မပြုသင့်သည်ကိုပြုလျှက်<br>မာနထောင်လွှားမေ့လျော့နေသူတို့အား အာသဝေါ<br>တရားတို့သည် တိုးပွားလာ သည်သာတည်း။ | ယဉ္ဟိ ကိစ္စံ အပဝိဒ္ဓံ,အကိစ္စံ ပန ကယိရတိ၊<br>ဥန္နဠာနံ ပမတ္တာနံ, တေသံ ဝဍ္ဎန္တိ အာသဝါ။ |
| 122 | ကာယဂတာသတိကို အမြဲမပြတ်ကောင်းစွာ<br>အားထုတ်ကြကုန်သော, မပြုသင့်သည်ကို မပြု,<br>ပြုသင့်သည်ကို ပြုလုပ်နေကြကုန်သော<br>သတိ, အသိရှိသောသူတို့အား<br>အာသဝေါတရားတို့သည် ချုပ်ကုန်၏။ | ယေသဉ္စ သုသမာရဒ္ဓါ, နိစ္စံ ကာယဂတာ သတိ၊<br>အကိစ္စံ တေ န သေဝန္တိ, ကိစ္စေ သာတစ္စကာရိနော၊<br>သတာနံ သမ္ပဇာနာနံ, အတ္ထံ ဂစ္ဆန္တိ အာသဝါ။ |
| 123 | မကောင်းမှုကို မပြုခြင်းသည်မြတ်၏၊<br>မကောင်းမှုသည် နောင်ခါ၌ပူပန်စေတတ်ကုန်၏။<br>ကောင်းမှုပြုခြင်းသည်လည်း မြတ်၏။<br>ကောင်းမှုပြုခြင်းကြောင့် နောင်တတဖန် မပူပန်ရပေ။ | အကတံ ဒုက္ကဋံ သေယျော, ပစ္ဆာ တပ္ပတိ ဒုက္ကဋံ၊<br>ကတဉ္စ သုကတံ သေယျော, ယံ ကတွာ နာနုတပ္ပတိ။ |
| 124 | ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ ကျရောက်လာ<br>သောမြားဒဏ်တို့ကို မတုန်မလှုပ်ခံသကဲ့သို့ ငါသည်<br>လည်း ကျူးလွန်စော်ကားသောစကားတို့ကို သည်းခံ<br>အံ့။ လူအများသည် သီလမရှိကြသည်သာတည်း။ | အဟံ နာဂေါဝ သင်္ဂါမေ, စာပတော ပတိတံ သရံ၊<br>အတိဝါကျံ တိတိက္ခိဿံ, ဒုဿီလော ဟိ ဗဟုဇ္ဇနော။ |
| 125 | ပကတိယာဉ်တို့ဖြင့် မရောက်ဖူးသောနိဗ္ဗာန်ကို<br>မရောက်နိုင်သည်သာတည်း၊ မိမိစိတ်ကို<br>ကောင်းစွာဆုံးမသဖြင့် ယဉ်ကျေးသူသည်သာ<br>မရောက်ဖူးသောနိဗ္ဗာန်ကို ရောက်နိုင်သည်။ | န ဟိ ဧတေဟိ ယာနေဟိ, ဂစ္ဆေယျ အဂတံ ဒိသံ၊<br>ယထာတ္တနာ သုဒန္တေန, ဒန္တော ဒန္တေန ဂစ္ဆတိ။ |

| | | |
|---|---|---|
| 126 | ဤစိတ်သည် ရှေးအခါက လိုရာအာရုံကို<br>လိုက်စားလျက် အလိုရှိတိုင်း ကောင်းနိုးရာရာ<br>လှည့်လည်ကျက်စားခဲ့လေပြီ၊<br>ချွန်းကိုင်သောဆင်ထိန်းသည် အမုန်ယစ်သောဆင်ကို<br>နှိပ်ကွပ်သကဲ့သို့...<br>ငါသည် ယခု ထိုစိတ်ကို မှန်ကန်စွာနှလုံးသွင်းမှုဖြင့်<br>နှိပ်ကွပ်ပေအံ့။ | ဣဒံ ပုရေ စိတ္တမစာရိ စာရိကံ,<br>ယေနိစ္ဆကံ ယတ္ထကာမံ ယထာသုခံ၊<br>တဒဇ္ဇဟံ နိဂ္ဂဟေဿာမိ ယောနိသော,<br>ဟတ္ထိပ္ပဘိန္နံ ဝိယ အင်္ကုသဂ္ဂဟော။ |
| 127 | မေ့မေ့လျော့လျော့နေနေကြသူတို့အား နွယ်ပင်တို့<br>ကဲ့သို့ တဏှာသည်တိုးပွား၏၊ သစ်သီးရှာသော<br>မျောက်သည် တောထဲ၌ တစ်ပင်မှတစ်ပင် ခုန်လွှား<br>ကူးသန်းနေသကဲ့သို့ ထိုတဏှာများသူသည်<br>တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားရ၏။ | မနုဇဿ ပမတ္တစာရိနော, တဏှာ ဝဍ္ဎတိ မာလုဝါ ဝိယ၊<br>သော ပ္လဝတီ ဟုရာ ဟုရံ, ဖလမိစ္ဆံဝ ဝနသ္မိ ဝါနရော။ |
| 128 | လောက၌ ငြိကပ်တွယ်တာတတ်သော ယုတ်မာသော<br>ဤတဏှာ၏ညှဉ်းဆဲခံရသူအား မိုးခါ၌ ပြိတ်မြက်<br>တောသည် ကြီးပွားသကဲ့သို့ စိုးရိမ်ကြောင့်ကြမှု<br>တို့သည် တိုးပွားကုန်၏။ | ယံ ဧသာ သဟတေ ဇမ္မီ, တဏှာ လောကေ ဝိသတ္တိကာ၊<br>သောကာ တဿ ပဝဍ္ဎန္တိ, အဘိဝဋ္ဌံဝ ဗီရဏံ။ |
| 129 | လောက၌ လွန်ဆန်နိုင်ခဲသော ယုတ်မာသော<br>ထိုတဏှာကို ညှဉ်းဆဲနိုင်ခဲ့ပါမူကား ကြာရွက်မှ<br>ရေပေါက်သည် လျောကျသကဲ့သို့ ထိုပုဂ္ဂိုလ်သန္တာန်မှ<br>စိုးရိမ်ကြောင့်ကြမှုတို့သည် လျောကြကုန်၏။ | ယော စေတံ သဟတေ ဇမ္မိံ, တဏှံ လောကေ ဒုရစ္စယံ၊<br>သောကာ တမှာ ပပတန္တိ, ဥဒဗိန္ဒုဝ ပေါက္ခရာ။ |
| 130 | ထို့ကြောင့် ဤအရပ်သို့ ရောက်လာကြသောသင်တို့<br>အား ငါသည်ကောင်းသောစကားကို ဟောအံ့။<br>ပြိတ်မြက်၏အမြစ်ကို တူးသကဲ့သို့ တဏှာ၏အမြစ်<br>ကို တူးပစ်ကြကုန်လော့။ ရေအလျင်သည် ကျူပင်ကို<br>ဖျက်ဆီးသကဲ့သို့ ကိလေသာသည် သင်တို့ကို<br>အဖန်ဖန်မဖျက်ဆီးပါစေလင့်။ | တံ ဝေါ ဝဒါမိ ဘဒ္ဒံ ဝေါ, ယာဝန္တေတ္ထ သမာဂတာ၊<br>တဏှာယ မူလံ ခဏထ, ဥသီရတ္ထောဝ ဗီရဏံ၊<br>မာ ဝေါ နဠံဝ သောတောဝ, မာရော ဘဉ္ဇိ ပုနပ္ပုနံ။ |
| 131<br>132 | သံ၊ သစ်သား၊ လျှော်တို့ဖြင့် ပြုလုပ်အပ်သော<br>အမျိုးမျိုးသောအနှောင်အဖွဲ့တို့ကို<br>ခိုင်မြဲသောအနှောင်အဖွဲ့ဟု ပညာရှိတို့မဆိုကြကုန်။<br>ဥစ္စာပစ္စည်းဇနီးမယားသို့မီးသားတို့၌ ငဲ့ကွက်မှုတဏှာ<br>ကိုသာလျှင် ခိုင်မြဲသောအနှောင့်အဖွဲ့ဟု ပညာရှိတို့<br>ဆိုကြကုန်၏။ ပညာရှိတို့သည် ယုတ်နိမ့်ရာသို့<br>ဆောင်တတ်သော လျော့ရဲဟန်ရှိသော်လည်း<br>လွတ်မြောက်ရန်ခဲယဉ်းသော ဤတဏှာအနှောင့်အဖွဲ့<br>ကို ဖြတ်တောက်၍ ရဟန်းပြုကြကုန်၏။ | န တံ ဒဠှံ ဗန္ဓနမာဟု ဓီရာ, ယဒါယသံ ဒါရုဇပဗ္ဗဇဉ္စ၊<br>သာရတ္တရတ္တာ မဏိကုဏ္ဍလေသု,<br>ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။<br>ဧတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ, ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ၊<br>ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ,<br>အနပေက္ခိနော ကာမသုခံ ပဟာယ။ |
| 133 | မိမိကိုယ်ကို မိမိစောဒကတက်လော့၊<br>မိမိကိုယ်ကို မိမိစစ်ဆေးလော့၊<br>မိမိကိုယ်ကို မိမိစောင့်ရှောက်သည်ဖြစ်၍<br>သတိရှိသောသင်သည် ချမ်းသာစွာနေရလတ္တံ့။ | အတ္တနာ စောဒယတ္တာနံ, ပဋိမံသေထ အတ္တနာ၊<br>သော အတ္တဂုတ္တော သတိမာ, သုခံ ဘိက္ခု ဝိဟာဟိသိ။ |

| | | |
|---|---|---|
| 134 | နေမင်းသည် နေ့အခါ၌သာတင့်တယ်၏။<br>လမင်းသည် ညဥ့်အခါ၌သာ တင့်တယ်၏။<br>မင်းသည်မင်းမြောက်တန်ဆာဆင်မှသာတင့်တယ်၏<br>ရဟန္တာသည် ဈာန်ဝင်စားမှသာ တင့်တယ်၏။<br>မြတ်စွာဘုရားသည်သာ တန်ခိုးတော်ဖြင့်<br>နေ့ညဥ့်ပတ်လုံး တင့်တယ်၏။ | ဒိဝါ တပတိ အာဒိစ္စော, ရတ္တိမာဘာတိ စန္ဒိမာ၊<br>သန္နဒ္ဓေါ ခတ္တိယော တပတိ, ဈာယီ တပတိ ဗြာဟ္မဏော၊<br>အထ သဗ္ဗမဟောရတ္တိံ ,ဗုဒ္ဓေါ တပတိ တေဇသာ။ |
| 135 | လောက၌ များပြားလှသော စိုးရိမ်ခြင်း,ငိုကြွေးခြင်း,ဆင်းရဲခြင်းတို့သည် ချစ်ခြင်းကို<br>အကြောင်းပြု၍ဖြစ်ကုန်၏။<br>ချစ်ခြင်းမရှိလျှင် ထိုအလုံးစုံသော ဆင်းရဲတို့သည်<br>မဖြစ်ကုန်။ | ယေ ကေစိ သောကာ ပရိဒေဝိတာ ဝါ,<br>ဒုက္ခာ စ လောကသ္မိံမနေကရူပါ၊<br>ပိယံ ပဋိစ္စပ္ပဘဝန္တိ ဧတေ, ပိယေ အသန္တေ န ဘဝန္တိ ဧတေ။ |
| 136 | ထို့ကြောင့် လောက၌ ချစ်ခြင်းကင်းသူတို့သည်<br>ချမ်းသာကုန်၏။ စိုးရိမ်မှုကင်းကုန်၏။<br>ထို့ကြောင့် စိုးရိမ်မှုကင်းခြင်း, ကိလေသာမြူကင်းခြင်းကို  တောင်းတသူတို့သည် လောက၌<br>ဘယ်လိုချစ်ခြင်းကိုမျှ မပြုကြကုန်ရာ။ | တသ္မာ ဟိ တေ သုခိနော ဝီတသောကာ,<br>ယေသံ  ပိယံ နတ္ထိ ကုဟိဉ္စိ လောကေ၊<br>တသ္မာ အသောကံ ဝိရဇံ ပတ္ထယာနော,<br>ပိယံ န ကယိရာထ ကုဟိဉ္စိ လောကေ။ |
| 137 | ကြောင့်ကြမှုမရှိသူတို့သည် တကယ်ချမ်းသာကြကုန်၏။ အမှန်(သစ္စာ) သိခြင်းသို့ရောက်သူတို့သည်  ကြောင့်ကြမှုမရှိကုန်။<br>ကြောင့်ကြမှုရှိ၍ ပင်ပန်းခြင်းသို့ ရောက်သူတို့ကို<br>ရှုလော့။ တစ်ယောက်သည် တစ်ယောက်အပေါ်၌<br>တွယ်တာစွဲလန်းသည် ဖြစ်၍ ပင်ပန်း၏။ | သုခိနော ဝတ ယေ အကိဉ္စနာ,<br>ဝေဒဂုနော ဟိ ဇနာ အကိဉ္စနာ၊<br>သကိဉ္စနံ ပဿ ဝိဟညမာနံ,<br>ဇနော ဇနသ္မိံ ပဋိဗန္ဓစိတ္တော။ |
| 138 | သာယာဖွယ်မရှိသောအရာသည် သာယာဖွယ်အသွင်ဖြင့်ငင်း...၊ ချစ်ခင်ဖွယ်မရှိသောအရာသည် ချစ်ခင်ဖွယ်အသွင်ဖြင့်ငင်း...၊ ဆင်းရဲသောအရာသည်<br>ချမ်းသာဖွယ်အသွင်ဖြင့်ငင်း... မေ့လျော့နေသူကို<br>လွှမ်းမိုးဖိစီး၏။ | အသာတံ သာတရူပေန, ပိယရူပေန အပ္ပိယံ၊<br>ဒုက္ခံ သုခဿ ရူပေန, ပမတ္တမတိဝတ္တတိ။ |
| 139 | သူတစ်ပါးအလိုလိုက်ရမှုဟူသမျှသည် ဆင်းရဲ၏။<br>အစိုးရမှုဟူသမျှသည် ချမ်းသာ၏။<br>ကိလေသာတို့မှ လွန်နိုင်ခဲသောကြောင့်<br>သတ္တဝါတို့သည် သူတစ်ပါးနှင့်ဆက်ဆံရာ၌<br>ပင်ပန်းကြရကုန်၏ ။ | သဗ္ဗံ ပရဝသံ ဒုက္ခံ, သဗ္ဗံ ဣဿရိယံ သုခံ၊<br>သာဓာရဏေ ဝိဟညန္တိ, ယောဂါ ဟိ ဒုရတိက္ကမ။ |
| 140 | သင်တို့သည် အကယ်၍<br>ဆင်းရဲကို ကြောက်ပြားအံ့...<br>ဆင်းရဲကို မနှစ်သက်ပြားအံ့...<br>လူရှေ့၌ဖြစ်စေ ကွယ်ရာ၌ဖြစ်စေ<br>မကောင်းမှုကို မပြုကြကုန်လင့်။ | သစေ ဘာယထ ဒုက္ခဿ, သစေ ဝေါ ဒုက္ခမပ္ပိယံ၊<br>မာကတ္ထ ပါပကံ ကမ္မံ, အာဝိ ဝါ ယဒိ ဝါ ရဟော။ |

| | | |
|---|---|---|
| 141 | သင်တို့သည် မကောင်းသောအမှုကို ယခုလည်းပြု, နောင်လည်းပြုကြမည်ဆိုလျှင် ထွက်ပြေးသော်လည်း သင်တို့အား ဆင်းရဲမှုမလွတ်နိုင်။ | သစေ စ ပါပကံ ကမ္မံ, ကရိဿထ ကရောထ ဝါ၊<br>န ဝေါ ဒုက္ခာ ပမုတျတ္ထိ, ဥပေစ္စပိ ပလာယတံ။ |
| 142 | ဤလောကသည် ပူလောင်ခြင်းသာဖြစ်၏။ တွေ့ထိမှုဖြင့်နှိပ်စက်၏။ အနာရောဂါကို ငါဟူ၍ ပြောဆိုကုန်၏။ ထင်နေသည်ကတစ်ခြား ဖြစ်နေသည်က တစ်ခြားသာတည်း။ | အယံ လောကော သန္တာပဇာတော,<br>ဖဿပရေတော ရောဂံ ဝဒတိ အတ္တတော၊<br>ယေန ယေန ဟိ မညတိ,<br>တတော တံ ဟောတိ အညထာ။ |
| 143 | ဘဝ၌ ကပ်ငြိနေသော သတ္တဝါတို့သည် မှတ်ထင်သည်မှ တစ်ပါး တစ်ခြားသာဖြစ်နေ၏။ ကိုယ့်ကို နှိပ်စက်နေသော ဘဝကိုပင် နှစ်သက်နေ၏။ ကိုယ်နှစ်သက်နေသောဘဝသည်ပင်လျှင် ဘေးဖြစ်နေ၏။ ကြောက်စရာဘေးတို့သည်ပင် ဆင်းရဲဒုက္ခဖြစ်၏။ ဘဝကို ပယ်ရှားရန်သာလျှင် မြတ်သောအကျင့်ကို ကျင့်သုံး၏။ | အညထာဘာဝီ ဘဝသတ္တော လောကော,<br>ဘဝပရေတော ဘဝမေဝါဘိနန္ဒတိ၊<br>ယဒဘိနန္ဒတိ  တံ ဘယံ,ယဿ ဘာယတိ တံ ဒုက္ခံ၊<br>ဘဝဝိပ္ပဟာနာယ ခေါ ပနိဒံ ဗြဟ္မစရိယံ ဝုဿတိ။ |
| 144 | ရောနှောမှုကြောင့် ချစ်ခင်မှုဖြစ်ရ၏၊ ချစ်ခင်မှုကြောင့်ဆင်းရဲအမျိုးမျိုးဖြစ်ရ၏၊ ချစ်ခြင်း၏အပြစ်ကို ဆင်ခြင်၍ ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ရာ၏။ | သံသဂ္ဂဇာတဿ  ဘဝန္တိ သ္နေဟာ,<br>သ္နေဟန္ဝယံ  ဒုက္ခမိဒံ ပဟောတိ၊<br>အာဒီနဝံ သ္နေဟဇံ ပေက္ခမာနော,<br>ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။ |
| 145 | အဆွေခင်ပွန်းတို့ကိုငင်း, ချစ်ကျွမ်းဝင်သူတို့ကိုငင်း, အစဉ်သနားသည်ဖြစ်၍ ထိုသူတို့၌ နှစ်သက်နှောင်ဖွဲ့သော စိတ်ရှိသူသည် အကျိုးစီးပွါးအားလုံးဆုတ်ယုတ်ရ၏။ ထို့ကြောင့် ပေါင်းသင်းဆက်ဆံမှုကြောင့်ဖြစ်သော ဤဘေးကိုဆင်ခြင်၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ | မိတ္တေ သုဟဇ္ဇေ အနုကမ္ပမာနော,<br>ဟာပေတိ အတ္ထံ ပဋိဗဒ္ဓစိတ္တော၊<br>တေံ ဘယံ သန္ထဝေ ပေက္ခမာနော,<br>ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။ |
| 146 | ဝါးရုံကြီးသည် ရှုပ်ထွေးစွာတည်နေသကဲ့သို့ ဇနီးမယား, သမီးသားတို့၌ ငဲ့ကွက်မှုတဏှာသည် လည်း ရှုပ်ထွေးစွာတွယ်တာလျှက်ရှိ၏။ မျှစ်စို့သည် မငြိမတွယ်တည်နေသကဲ့သို့ မငြိကပ်မတွယ်တာဘဲ ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ရာ၏။ | ဝံသော ဝိသာလောဝ ယထာ ဝိသတ္တော,<br>ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ၊<br>ဝံသက္ကဠီရောဝ သဇ္ဇမာနော,<br>ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။ |

| | | |
|---|---|---|
| 147 | ခြင်္သေ့သည် အသံကြောင့် မထိတ်လန့်သကဲ့သို့<br>ပျက်စီးမှုအနိစ္စတို့ကြောင့် မထိတ်လန့်ဘဲ...<br>လေသည် ပိုက်ကွန်၌ မကပ်ငြိသကဲ့သို့<br>ဘဝခန္ဓာတို့၌ မကပ်ငြိဘဲ...<br>ကြာသည်ရေဖြင့်မလိမ်းကျံသကဲ့သို့<br>ကိလေသာဖြင့်မလိမ်းကျံဘဲ...<br>ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ | သီဟောဝ  သဒ္ဒေသု အသန္တသန္တော,<br>ဝါတောဝ ဇာလမှိ အသဇ္ဇမာနော၊<br>ပဒုမံဝ တောယေန အလိပ္ပမာနော,<br>ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။ |
| 148 | သူတော်ကောင်းသည် ကောင်းမှုပြုရန်လွယ်၍<br>မကောင်းမှုပြုရန်ခက်သည်။<br>သူယုတ်သည် မကောင်းမှုပြုရန် လွယ်ကူ၍<br>ကောင်းမှုပြုရန်ခက်သည်။ | သုကရံ သာဓုနာ သာဓုံ၊ သာဓုံ ပါပေန ဒုက္ကရံ။<br>ပါပံ ပါပေန သုကရံ၊ ပါပမရိယေဟိ ဒုက္ကရံ။ |
| 149 | သင်္ခါရတို့သည် မမြဲလေကုန်စွတကား၊<br>ဖြစ်ခြင်းပျက်ခြင်းသဘောသာ ရှိကုန်၏။<br>ဖြစ်ပြီးလျှင် ချုပ်ပျောက်ကြကုန်၏။<br>ထိုသင်္ခါရတို့၏ ငြိမ်းရာ နိဗ္ဗာန်သည်သာ<br>ချမ်းသာလှပေ၏။ | အနိစ္စာဝတ သင်္ခါရာ,ဥပ္ပါဒဝယ ဓမ္မိနော၊<br>ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ,တေသံ ဝူပသမော သုခေါ။ |
| 150 | ရဟန်းတို့..သမာဓိ, ပညာတို့ဖြင့် ကိလေသာတို့ကို<br>ရှို့မြိုက်ကြကုန်လော့..မေ့လျော့မနေကြကုန်လင့်..<br>သေရန်အချိန်ကျ, နောင်ကာလမှ<br>နှလုံးမသာမယာခြင်း မဖြစ်ကြပါစေလင့်..<br>ဤသည်ကား..<br>သင်တို့အတွက် ငါဘုရား၏အဆုံးအမပေတည်း..။ | ဈာယထ, ဘိက္ခဝေ, မာ ပမာဒတ္ထ၊<br>မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။<br>အယံ ဝေါ အမှာကံ အနုသာသနီ။ |